ကြေးမုံ

The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ (12-2-2014) (၇၇၅၄)

ပင်လုံစိတ်ဓာတ်ကို အခြေခံ

မိမိတို့တိုင်းရင်းသားပြည်သူလူထုအားလုံးသည် ပင်လုံစိတ်ဓာတ်ကိုအခြေခံ၍ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခြင်းဖြင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာကာ အနာဂတ်ရည်မှန်းချက်များ အောင်မြင်အောင် ဖော်ဆောင်နိုင်မည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
(၇-၂-၂၀၁၄ ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ -)

တိုင်းရင်းသားသွေးစည်းညီညွတ်မှု၊ အမျိုးသားပြန်လည်သင့်မြတ်မှုကို ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှပေးပို့သော ၂၀၁၄ ခုနှစ် (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသဝဏ်လွှာမှာ အောက်ပါအတိုင်းဖြစ်သည်-

ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကို မောင်နှမများခင်ဗျား-

ယနေ့အချိန်အခါသည် ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ နေ့ထူးနေ့မြတ်အဖြစ် အသိအမှတ်ပြုထားသည့် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်ပါသည်။ ဤနေ့ထူးနေ့မြတ်ဖြစ်သည့် ပြည်ထောင်စုနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ချစ်ခင်ရင်းနှီးစွာ မှီတင်းနေထိုင်လျက်ရှိကြကုန်သော တိုင်းရင်းသားပြည်သူအပေါင်းတို့ ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကို မောင်နှမများ ခင်ဗျား-

သမိုင်းအစဉ်အလာကြီးမားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမတို့သည် ရှေးပဝေသဏီကပင် ဥမကွဲ၊ သိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့ကြပါသည်။ မြန်မာနိုင်ငံသို့ ကိုလိုနီနယ်ချဲ့တို့ ကျူးကျော်ဝင်ရောက်လာသဖြင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရပြီး နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်သည့်စနစ်ကြောင့် တိုင်းရင်းသားအချင်းချင်းအထင်အမြင်လွဲမှားကာ စည်းလုံးညီညွတ်မှုပြိုကွဲခဲ့ရသည်။ သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်များ၏ ကြိုးပမ်းမှုကြောင့် တိုင်းရင်းသားသွေးစည်းညီညွတ်မှုကို ပြန်လည်ရရှိကာ ၁၉၄၇ ခုဖေဖော်ဝါရီလ ၁၂ ရက်တွင် ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပြီး စုပေါင်းညီညွတ်သည့် အင်အားဖြင့် လွတ်လပ်ရေးကို ရယူနိုင်ခဲ့ပေသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်ကိုလိုနီစနစ်၏ လက်ကျန်အမွေဆိုးများ ပြီးပြတ်ချုပ်ငြိမ်းသွားခြင်းမရှိဘဲ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား သံသယနှင့်ပဋိပက္ခများ နှစ်ရှည်ကြာစွာ ဖြစ်ပေါ်ခဲ့ရသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း တိုင်းရင်းသားအချင်းချင်းကြားတွင် ဖြစ်ပေါ်ခဲ့သည့်သံသယနှင့် ပဋိပက္ခများကြောင့် မိမိတို့နိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအဘက်ဘက်တွင် အိမ်နီးချင်းနိုင်ငံများထက် နောက်ကျခဲ့ရသည်။ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်စိုးရေးအတွက် နယ်ချဲ့နှင့်ဖက်ဆစ်တို့ကို တိုင်းရင်းသားညီအစ်ကို မောင်နှမတို့၏ အသက်နှင့်သွေးများကိုရင်းကာ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

စည်းလုံးညီညွတ်မှုကိုပြဆိုသောပင်လုံစာချုပ်၏ နောက်ဆက်တွဲ ကောင်းကျိုးရလဒ်မှာ တစ်နှစ်ခန့်အကြာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နှစ်ပေါင်းတစ်ရာနီးပါး လက်လွတ်ဆုံးရှုံးခဲ့ရသော လွတ်လပ်ရေးကို ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

"ပင်လုံမြေ၏ ညီညွတ်ခြင်းကို နလုံးသွေးနှင့် ဆက်လက်ထိန်းသိမ်း"

(ဆောင်းပါး-စာမျက်နှာ- ၉)

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုပါ၏။

ကြေးမုံစာတည်းရှေ့ထောင့်   ၁၂-၂-၂၀၁၄၊ ဗုဒ္ဓဟူးနေ့

စည်းလုံးခြင်းသည်အင်အား

"စည်းလုံးခြင်းသည် အင်အား"၊ "စုပေါင်းညီညာ အောင်ကြောင်းဖြာ"၊ "ညီညာမှ ပြည်သာ"ဟူသော ဆောင်ပုဒ်များအတိုင်း စည်းလုံးမှု၊ ညီညွတ်မှုရှိခြင်းသည် အောင်မြင်ခြင်းဟူသည့် ရလဒ်ကိုရစေနိုင်သည့်အပြင် အေးချမ်းသာယာခြင်းဟူသော အကျိုးကျေးဇူးများလည်း ဖြစ်ထွန်းနိုင်သည်။

စည်းလုံးညီညွတ်ခြင်းကြောင့် ရရှိလာသော အကျိုးရလဒ်ကောင်းများကို ကမ္ဘာ့သမိုင်းတွင်လည်းကောင်း၊ မြန်မာ့သမိုင်းတွင်လည်းကောင်း မြင်တွေ့နိုင်သလို စည်းလုံးညီညွတ်မှုပြိုကွဲခြင်းကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများကိုလည်း ထိုသမိုင်းစာမျက်နှာများပေါ်တွင်ပင် အထင်အရှား တွေ့မြင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် စည်းလုံးညီညွတ်ခြင်း အကျိုးရလဒ်ကြောင့် မြန်မာတို့ နှစ်ပေါင်းတစ်ရာကျော် သူ့ကျွန်အဖြစ်မှ လွတ်မြောက်ရမည့် အခြေခံအုတ်မြစ်ချနိုင်ခဲ့ပုံကို တိုင်းရင်းသားပေါင်းစုံ စုစည်းညီညာ စိုက်ထူခဲ့သည့် ပင်လုံမြေက သက်သေပြလျက်ရှိသည်။

မြန်မာ့သမိုင်းကြောင်း အစဦးအလာတွင်လည်း အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား စသည့် မင်းကောင်းမင်းမြတ်များလက်ထက်တွင် တိုင်းပြည်ကို တစုတစည်းတည်း စုစည်းနိုင်သောကြောင့် ကြီးကျယ်ခံ့ညားသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ပုံမှာလည်း အံ့မခန်းဖွယ်ဖြစ်သည်။

သို့သော် ကုန်းဘောင်ခေတ် နောက်ဆုံးမင်းလက်ထက်တွင် စည်းလုံးညီညွတ်မှု ပြိုကွဲခဲ့သောကြောင့် တစ်တိုင်းတစ်ပြည်လုံး သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရပုံမှာလည်း သမိုင်းသင်ခန်းစာယူဖွယ်ဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက်တွင်လည်း စည်းလုံးညီညွတ်မှု လျော့နည်းသဖြင့် ပြည်တွင်းဆူပူသောင်းကျန်းမှုများကြောင့် တိုင်းပြည်ပြန်လည်ထူထောင်ရေးကို မလုပ်နိုင်ဘဲ ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည်မှာလည်း မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရပြီးဖြစ်မည်။

ထိုသမိုင်းသင်ခန်းစာများကို မမေ့မလျော့ မှတ်သားနာလည်ထားပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဘယ်သောအခါမျှ သူ့ကျွန်ဘဝသို့ပြန်လည်မရောက်ရှိအောင် တိုင်းရင်းသားပြည်သူအားလုံး တစည်းတလုံးတည်းဖြင့် စည်းလုံးညီညွတ်မှုကို ခိုင်မာအောင်တည်ဆောက်ထားကြရမည်ဖြစ်သည်။

တိုင်းပြည်စည်းလုံးညီညွတ်မှု ပြိုကွဲသွားသောကြောင့် သွေးချောင်းစီးပြီး တိုင်းပြည်ပြိုကွဲပျက်စီးနေရပုံများကိုလည်း မျက်မှောက်ကာလတွင် အချို့နိုင်ငံဖြစ်ရပ်များက သက်သေပြနေဆဲဖြစ်သည်။ စည်းလုံးညီညွတ်မှုကို မတည်ဆောက်နိုင်ခြင်းသည် ညီညွတ်မှုမရှိခြင်းနှင့် သွေးခွဲသပ်လျှိုမှုခံရခြင်းတို့ကြောင့် ဖြစ်ပေါ်ရသည်ကို သတိမူရပေမည်။

စည်းလုံးညီညွတ်ခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်မှ မြစ်ဖျားခံသလို မျိုးချစ်စိတ်ဓာတ်မှလည်း အရင်းခံသည်။ ထက်သန်သော မျိုးချစ်စိတ်ဓာတ်ကို အရင်းခံမှသာ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော ပြည်ထောင်စုဖွားအားလုံးတို့သည် ဤမြေတွင်နေ၊ ဤရေကိုသောက်၍ အတူတကွကြီးပြင်းနေထိုင်လာခဲ့ကြသော ညီရင်းအစ်ကို မောင်ရင်းနှမများဖြစ်ကြသည်။ ထို့ကြောင့် ပြည်ထောင်စုအိမ်ကြီးအတွင်းမှ တစ်မိသားစုတည်း၊ တစ်အိမ်ထောင်စုတည်းမှ မိသားစုများဖြစ်သည်ဟု မှတ်ယူထားကြရမည်ဖြစ်သည်။

ထိုမိသားစုများအားလုံး အေးအတူပူအမျှ အတူတကွနေထိုင်ကြကာ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးရှိကြရမည်ဖြစ်သည်။ မည်သူခွဲခွဲ မကွဲညီညာ လက်တွဲထားကြရမည်ဖြစ်သည်။ သို့မှသာ ပြည်ထောင်စုကြီးခိုင်မာကာ ထာဝရတည်တံ့ခိုင်မြဲသော ပြည်ထောင်စုကြီးအဖြစ် အဓွန့်ရှည်ကြာ တည်ရှိနေမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးစီးပွားကိုရှေးရှုပြီး ပြည်ထောင်စုတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေသော အချိန်အခါကာလဖြစ်သည်။ တိုင်းရင်းသားပြည်သူများအားလုံး လိုလားတောင့်တသော ထာဝစဉ်ငြိမ်းချမ်းသာယာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ပေးနေသည်။

ထို့ကြောင့် ပြည်ထောင်စုသားအားလုံးတို့သည် ပြည်ထောင်စုအမွေ၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် ပြည်ထောင်စုအနှစ်သာရများကို ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်သလို လက်ဆင့်ကမ်းသယ်ဆောင်သွားကြရမည်ဖြစ်သည်။ ယင်းသည် ပြည်ထောင်စုသားအားလုံးတို့၏ မမေ့အပ်သော တာဝန်ဖြစ်ပြီး ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရမည့် ပြည်ထောင်စုစိတ်လည်း ဖြစ်သည်။ ။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရန်ကုန်	ရွှေဈေး	၆၇၀၂၀၀	-	၆၇၁၂၀၀
မန္တလေး	ရွှေဈေး	၆၆၉၉၀၀	-	၆၇၀၉၀၀

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ်	တစ်လီတာ	၉၅၀	ကျပ်
(ခ) အောက်တိန်း 95	တစ်လီတာ	၁၁၀၀	ကျပ်
(ဂ) အောက်တိန်း 92	တစ်လီတာ	၉၂၀	ကျပ်
(ဃ) ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	=	၉၈၈. ၀၀
(ခ) ဥရောပ	တစ်ယူရို	=	၁၃၅၁. ၁
(ဂ) စင်ကာပူ	တစ်ဒေါ်လာ	=	၇၇၈. ၇၅
(ဃ) တရုတ်	တစ်ယွမ်	=	၁၆၃. ၀၅
(င) ထိုင်း	တစ်ဘတ်	=	၃၀. ၁၁၇
(စ) မလေးရှား	တစ်ရင်းဂစ်	=	၂၉၅. ၈၅
(ဆ) အိန္ဒိယ	တစ်ရူပီး	=	၁၅. ၈၁၉
(ဇ) ဂျပန်	တစ်ရာယန်း	=	၉၆၆. ၈၃
(ဈ) တောင်ကိုရီးယား	တစ်ရာဝမ်	=	၉၂. ၂၅၉
(ည) ဩစတြေးလျ	တစ်ဒေါ်လာ	=	၈၈၇. ၄၅



ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်

ပျဉ်ချဆိပ်ကျေးရွာ စက်ရေတွင်းတူးဖော်ထားမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၁

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်သည် ဖေဖော်ဝါရီ ၉ ရက် နံနက် ၈ နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျုံပျော်မြို့နယ် ပျဉ်ချဆိပ်ကျေးရွာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအတွင်း တူးဖော်ပြီးစီးခဲ့သည့် စက်ရေတွင်းအား ကြည့်ရှုစစ်ဆေးပြီး တူးဖော်ပြီးစီးခဲ့သည့် စက်ရေတွင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓစွယ်တော်တိုက် ဆရာတော်က လှူဒါန်းသည့် စက်ရေတွင်း ငါးတွင်းအနက် တစ်တွင်းဖြစ်ကြောင်း၊ စက်ရေတွင်းမှ ထွက်ရှိသော ရေသည် အာဆင်းနစ်လွတ်ကင်း၍ သောက်သုံးရန်သင့်သော ရေဖြစ်သဖြင့် အနီးပတ်ဝန်းကျင်ကျေးရွာများသို့လည်း ဖြန့်ဝေပေးနိုင်အောင် ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

အဆိုပါ ပျဉ်ချဆိပ်ကျေးရွာတွင် အာဆင်းနစ်ဓာတ် လွတ်ကင်း၍ သောက်သုံးရန်သင့်သော ရေစင်ရေသန့်ရရှိကာ ရေမီတာစနစ်ဖြင့် အိမ်ရှေ့အရောက် ဖြန့်ဝေမည့်ကိစ္စကို အိမ်ခြေ ၅၀၀ ကျော်ရှိ ကျေးရွာသူကျေးရွာသားများက ပျော်ရွှင်လျက်ရှိကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၀ နာရီတွင် ကျုံပျော်မြို့ရှိ အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပသည့် (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ကန်တော့ခံဆရာကြီး ဆရာမကြီးများအား ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကာ ဂါရဝပြုအမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ကျောင်းသားကျောင်းသူဟောင်းများက ဆရာကြီး ဆရာမကြီး ၁၄၆ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၅၅၀၀၀ စီနှင့် ဓမ္မစာအုပ်များ၊ CD တရားခွေများ၊ ဆေးပစ္စည်းများ၊ မျက်နှာသုတ်ပဝါများ လှူဒါန်းကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး မိသားစုက အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီသို့ ငွေကျပ်နှစ်သိန်းနှင့် သာသနာရေးဝန်ကြီးဌာနမှ ဓမ္မစာအုပ်စာစောင်များ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး တန်းတူရည်တူပါဝင်နိုင်မှုသည် အရေးကြီး

☆ ရွှေဖုံးမှ

တွန်းလှန်တိုက်ခိုက်ခဲ့ရခြင်းကို ရင်ထဲတွင် အမြဲအမှတ်ရပြီး မြန်မာ့သမိုင်းတစ်လျှောက်ကြုံတွေ့ခဲ့ရသည့် ခါးသီးသောအတွေ့အကြုံများကို သင်ခန်းစာယူလျက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးတို့အတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။

ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား-

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု တိုးတက်ခိုင်မာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် လက်တွဲပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။ နှစ်ပေါင်း(၆၀)ကျော်ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်မည့် ညှိနှိုင်းဆွေးနွေးမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ရလဒ်ကောင်းများ ရရှိနေပြီဖြစ်ပါသည်။ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ လိုင်ဇာဒေသတွင် ကျင်းပပြုလုပ်ခဲ့သည့် တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် ဆွေးနွေးပွဲသည် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်တွင် အရေးကြီးသော သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပေသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးမြှင့်တင်သွားရန်အတွက် ကြိုးပမ်းမှုအားလုံးကို အင်တိုက်အားတိုက် ထောက်ခံသွားမည်ဖြစ်ပေသည်။

ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ်တည်ထောင်ရာတွင် တွေ့ကြုံရမည့် ပြည်တွင်းပြည်ပမှ စိန်ခေါ်မှုများ၊ ခြိမ်းခြောက်မှုများနှင့် နှောင့်ယှက်မှုများကို တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ စုပေါင်းညီညွတ်သည့် အင်အားဖြင့် တွန်းလှန်နိုင်မည်ဖြစ်သည်ကို ယုံကြည်ပါသည်။

အထူးသဖြင့် မျက်မှောက်ကာလတွင် အရှိန်အဟုန်မြင့်မားစွာ တိုးတက်လာသည့် နည်းပညာ၏ ကောင်းကျိုးများကို အတူတကွ မျှဝေခံစားကြပြီး ဘေးထွက်ဆိုးကျိုးများကိုလည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကျော်လွှားနိုင်ရန် အတူတကွ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် နိုင်ငံတော်ကြီးအေးချမ်းသာယာပြီး အဘက်ဘက်မှ ခေတ်မီဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီဖြစ်ပြီး နိုင်ငံတကာအလယ်တွင် မျက်နှာပွင့်လန်းနေပြီဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ်မှစတင်ပြီး အာဆီယံအဖွဲ့သို့ ဝင်ရောက်ခဲ့ရာ ယခုနှစ်တွင် (၁၇)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ (၁၇)နှစ်အတွင်း အာဆီယံဥက္ကဋ္ဌရာထူးကို ပထမဆုံးအကြိမ်လက်ခံရယူနိုင်ခဲ့ပြီး ယခုနှစ်အတွင်းကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးများ၊ ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံတွင် လက်ခံကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိပါသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး မြန်မာနိုင်ငံ၏ ယဉ်ကျေးသိမ်မွေ့မှု၊ ဖော်ရွေပျူငှာမှု၊ ကူညီစောင့်ရှောက်တတ်မှု၊ ကိုယ်ကျင့်တရားမြင့်မားမှု စသည့် နိုင်ငံနှင့်လူမျိုး၏ မြင့်မားသည့်ပုံရိပ်ကို ဖော်ထုတ်ပြသနိုင်ခဲ့ပေသည်။ ထိုသို့ ပြသနိုင်ခဲ့ခြင်းသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပြည်ထောင်စုစိတ်ဓာတ်နှင့် စစ်မှန်သည့်မျိုးချစ်စိတ်တို့ကြောင့်ပင် ဖြစ်ပေသည်။

ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား-

ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး တန်းတူရည်တူ ပါဝင်ဖော်ဆောင်နိုင်မှုသည် အရေးကြီးလှပါသည်။ ထိုသို့ ပါဝင်ဖော်ဆောင်နိုင်သည့်အတွက် ရရှိလာသည့် အောင်မြင်မှုအသီးအပွင့်ရလဒ်ကောင်းများကိုလည်း မျက်ဝါးထင်ထင် မြင်တွေ့နေကြရပြီဖြစ်ပါသည်။ တိုင်းရင်းသားသွေးစည်းညီညွတ်မှု၊ အမျိုးသားပြန်လည်သင့်မြတ်မှုကို ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်နိုင်သည်နှင့်အမျှ ငြိမ်းချမ်း သာယာဝပြောသည့် ခေတ်တစ်ခေတ်ကို တည်ဆောက်နိုင်မည်မှာ မလွဲမသွေ ဖြစ်ပေသည်။ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ရရှိပြီးသော အခြေခံကောင်းများဖြင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရာ၌ ခိုင်မာသည့် ပြည်ထောင်စုစိတ်ဓာတ်၊ စစ်မှန်သည့်မျိုးချစ်စိတ်တို့ဖြင့် သွေးစည်းညီညွတ်စွာ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်ကြပါရန် မင်္ဂလာရှိသော ပြည်ထောင်စုနေ့အခါသမယတွင် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

နိုင်ငံ့အကျိုး၊ လူမျိုးအကျိုး၊ ဒေသအကျိုးကို ဦးထိပ်ပန်ဆင်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တိုင်းရင်းသားရေးရာဝန်ကြီးများအား ယနေ့ ညနေ ၃ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ တွေ့ဆုံမှာကြားသည်။**(ယာပုံ)**

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဦးအောင်မင်း၊ ဦးလှထွန်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတက ယနေ့အစိုးရအဖွဲ့၏ လုပ်ဆောင်ချက်များသည် ပြည်သူလူထု၏ တူညီသော ဆန္ဒအပေါ်မူတည်၍ ရည်ရွယ်ချက်၊ ရည်မှန်းချက်၊ မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပြည်သူလူထု၏ အဓိကတူညီသော ဆန္ဒနှစ်ခုမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းသူပြည်သားများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ကြောင်း။

ပြည်သူလူထု၏တူညီသောဆန္ဒကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်သုံးရပ်ဖြစ်သော နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ပါတီအဖွဲ့အစည်းများကို နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်လာစေရန် ဆောင်ရွက်ခြင်း၊ နိုင်ငံသားအားလုံး နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပါဝင်လာအောင် ဆောင်ရွက်ခြင်း၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင် တွေ့ဆုံဆွေးနွေးအဖြေရှာသည့် နည်းလမ်းများ ဆောင်ရွက်ခြင်း စသည်တို့ဖြင့် ဆောင်ရွက်လျက်ရှိနေပါကြောင်း။

အလားတူ စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊ ကျေးလက်ဒေသတွင် သန့်ရှင်းသည့်သောက်သုံးရေရရှိရေးဆောင်ရွက်ခြင်း၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ဆောင်ရွက်ပေးခြင်းများ၊ တိုင်းပြည် စီးပွားရေးဖွံ့ဖြိုးစေရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပြဋ္ဌာန်းခြင်း၊ စီးပွားရေးပိတ်ဆို့မှုများဖြေလျှော့ပေးနိုင်အောင် ဆောင်ရွက်ခြင်း၊ စီးပွားရေးအရ အကောက်ခွန်ကင်းလွတ်ခွင့်များရရှိအောင် ဆောင်ရွက်ခြင်း၊ ကြွေးမြီကိစ္စများ ဖြေလျှော့ပေးနိုင်အောင် ဆောင်ရွက်ပေးခြင်း၊ ဗဟိုမှချုပ်ကိုင်သည့် စီးပွားရေးစနစ်မှ ယှဉ်ပြိုင်သည့် ဈေးကွက်စီးပွားရေးစနစ်ဖြစ်အောင် ပြောင်းလဲပေးခြင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းကို နှုန်းရှင်ဖြစ်အောင် ဆောင်ရွက်ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးအတွက် စက်ရုံအလုပ်ရုံများထူထောင်ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အတူ အုပ်ချုပ်ရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွင် ယခင်က ဗဟိုဦးစီးစနစ်မှ ပြည်သူဗဟိုပြုအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲဆောင်ရွက်ခဲ့ကြောင်း၊ မြို့/ရွာအုပ်ချုပ်ရေးစနစ်တွင် မြို့/ရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်း၍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် မမျှော်မှန်းနိုင်သည့် စိန်ခေါ်မှု၊ အခက်အခဲများကို ကြုံတွေ့ရသော်လည်း ကြံ့ကြံ့ခံဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း။

နိဂုံးချုပ်အားဖြင့် ပြည်သူလူထု၏ တူညီသောဆန္ဒကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားရေးရာဝန်ကြီးများအနေဖြင့် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရန် လိုကြောင်း၊ သို့မှသာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်လာမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်ခုလုံးကိုခြုံငုံ ရှုမြင်သုံးသပ်တတ်သည့် အမြင်မျိုးဖြင့် နိုင်ငံ့အကျိုး၊ လူမျိုးအကျိုး၊ ဒေသအကျိုးကို ဦးထိပ်ပန်ဆင်ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ဂျာမနီနိုင်ငံ သမ္မတ မစ္စတာဂျိုဝါချင်ဂေါက်ခ် Goe the Institute ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ကမ္ဘာ့နိုင်ငံပေါင်း (၉၃) နိုင်ငံ၌ ကျောင်းခွဲပေါင်း ၁၅၈ ကျောင်းဖြင့် ဘာသာစကားနှင့် ယဉ်ကျေးမှုဖလှယ်ခြင်း လုပ်ငန်းဆောင်တာများကို အိမ်ရှင်နိုင်ငံများနှင့်အတူ လက်တွဲဆောင်ရွက်နေသော နိုင်ငံတကာအသိအမှတ်ပြု ဂျာမနီ ဘာသာစကားနှင့် ယဉ်ကျေးမှုအခြေပြုကျောင်းဖြစ်သည့် Goe the Institute ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ အမှတ် (၈) ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗိုလ်ချုပ်ရပ်ကွက် ဗဟန်းမြို့နယ်၌ ကျင်းပသည်။

Goe the Institute ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ မြန်မာ့သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးကျော်ဦး၊ ဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဂျာမနီယဉ်ကျေးမှုဌာန၏ ပါမောက္ခချုပ် Mr.Klaus-Dieter Lehmann က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဂျာမနီနိုင်ငံသမ္မတ မစ္စတာဂျိုဝါချင်ဂေါက်ခ်၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဂျာမနီ ယဉ်ကျေးမှုဌာန၏ ပါမောက္ခချုပ် Mr.Klaus-Dieter Lehmann တို့က Goe the Institute ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**

ထို့နောက် Goe the Institute အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုကြပြီး ဧည့်သည်တော်နှင့်အဖွဲ့အား မြန်မာ့လက်ရာ ပန်းချီကားချပ်များကို ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက လက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ မြန်မာ့ရိုးရာ တေးဂီတပညာရှင်များနှင့် နိုင်ငံခြားသား တေးဂီတပညာရှင်များ တွဲဖက်၍ ဖျော်ဖြေတင်ဆက်မှုကို ဧည့်သည်တော်များက ကြည့်ရှုအားပေးခဲ့သည်။

ညနေပိုင်းတွင် ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မဟာဗန္ဓုလပန်းခြံအတွင်းရှိ လွတ်လပ်ရေးမော်ကွန်းကျောက်တိုင်ကို လှည့်လည်ကြည့်ရှုခဲ့ပြီး ဆူးလေစေတီတော်အား ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂျာမနီနိုင်ငံသမ္မတ မစ္စတာဂျိုဝါချင်ဂေါက်ခ် AHK ၏ မြန်မာပြည်ရုံးခွဲကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သမ္မတ မစ္စတာဂျိုဝါချင်ဂေါက်ခ်နှင့် အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၌ ကျင်းပသည့် မြန်မာ-ဂျာမနီနှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက်ပြီး Delegation of German Industry and Commerce (AHK) ၏ မြန်မာပြည်ရုံးခွဲကို ဖွင့်လှစ်ပေးခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်က "ယခုကဲ့သို့ ဝေးလံသည့်နေရာမှ ရုံးခွဲလာရောက်ဖွင့်လှစ်သည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ ယခုဖွင့်လှစ်လိုက်သည့် ရုံးခွဲမှတစ်ဆင့် မြန်မာ-ဂျာမနီ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းများကို လက်တွဲဆောင်ရွက်ကြရင်း ပိုမိုကောင်းမွန်သည့်ဝင်ငွေနှင့် အခြေအနေကောင်းများကို ဖန်တီးပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့ခေတ်တွင် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရပ်ခြားစီးပွားရေးလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံ လက်တွဲဆောင်ရွက်ကြရင်း နှစ်ဦးနှစ်ဖက်အကျိုးအမြတ်များကို မျှဝေဆောင်ရွက်နေကြပြီ ဖြစ်ပါကြောင်း" ပြောကြားခဲ့သည်။

ထို့နောက် ဂျာမနီနိုင်ငံသမ္မတ မစ္စတာဂျိုဝါချင်ဂေါက်ခ်က AHK မြန်မာပြည်ရုံးခွဲ ဖွင့်လှစ်နိုင်ခြင်းဖြင့် မြန်မာ-ဂျာမနီ နှစ်နိုင်ငံသာမက နိုင်ငံတကာ စီးပွားရေးနယ်ပယ်အထိ ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဂျာမနီနိုင်ငံသမ္မတ မစ္စတာဂျိုဝါချင်ဂေါက်ခ်နှင့် တာဝန်ရှိသူများ၊ UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် တာဝန်ရှိသူများက Association of German Chambers of Commerce (DIHK) နှင့် ဂျာမနီသမ္မတနိုင်ငံ စီးပွားရေးရာနှင့် ဝန်ကြီးဌာနလက်အောက်ရှိ Delegation of German Industry and Commerce (AHK) ၏ မြန်မာပြည်ရုံးခွဲကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။**(ဝဲပုံ)**

ယနေ့ကျင်းပသည့် အခမ်းအနားတွင် UMFCCI နှင့် DIHK တို့အကြား ပူးတွဲကြေညာချက်တစ်ရပ်ကိုလည်း ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် UMFCCI ၌ ဂျာမနီနှင့်မြန်မာ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များသည် စီးပွားရေးလုပ်ငန်းကဏ္ဍများ တိုးမြှင့်ဆောင်ရွက်ရေးအတွက် ဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ **(သတင်းစဉ်)**

ဂျာမနီနိုင်ငံ၏ အကူအညီဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးများ လုပ်ဆောင်နေသည့် စန္ဒယော်ကျေးရွာသို့ ဂျာမနီသမ္မတကြီး၏ ဇနီး သွားရောက်ကြည့်ရှု

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ဂျာမနီအစိုးရ၏ ထောက်ပံ့ကူညီမှုများဖြင့် ကျေးလက်ဖွံ့ဖြိုးရေးများ လုပ်ဆောင်နေသည့် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စန္ဒယော်ကျေးရွာသို့ ယနေ့မွန်းလွဲ ၃ နာရီက ဂျာမနီနိုင်ငံ သမ္မတ မစ္စတာဂျိုဝါချင်ဂေါက်ခ်၏ ဇနီး မစ္စစ် ဒါနီလာရှထ်နှင့်အဖွဲ့ သွားရောက်ကြည့်ရှုခဲ့သည်။

မြန်မာပြည်တွင် လူမှုရေးလုပ်ငန်းများလုပ်ဆောင်နေသည့် INGO များအနက် ဂျာမနီနိုင်ငံအခြေစိုက် NGO အဖွဲ့အစည်းများဖြစ်သည့် Malteser International နှင့် Welt hanger hilife အဖွဲ့တို့သည် ဂျာမနီအစိုးရအဖွဲ့ထောက်ပံ့မှုဖြင့် ကျေးလက်ဖွံ့ဖြိုးရေးအကူအညီများ ပေးလျက်ရှိသည်။ အဆိုပါ နိုင်ငံတကာလူမှုအဖွဲ့အစည်းများသည် မြန်မာနိုင်ငံသို့ ၂၀၁၃ ခုနှစ်ကတည်းက လာရောက်၍ မြန်မာပြည်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုများကို လုပ်ဆောင်နေကြောင်း Welt hanger hilife အဖွဲ့၏ စီမံကိန်းညှိနှိုင်းရေးမှူး ဒေါ်သန္တာဖြူထံမှ သိရသည်။

"ဒီရွာရဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေကို ဂျာမနီအခြေစိုက် NGO အဖွဲ့အစည်းတွေဖြစ်တဲ့ Malteser International နှင့် Welt hanger hilife တို့က လုပ်ဆောင်ပေးနေတာဆိုတော့ သမ္မတကြီးရဲ့ ဇနီး မစ္စစ် ဒါနီလာ ရှထ်က လာကြည့်တာပါ။ ကျန်းမာရေးနဲ့ ရေသန့်အတွက်ကတော့ Malteser International က လုပ်ဆောင်ပေးပြီး လူမှုဖွံ့ဖြိုးရေးအတွက်တော့ ကျွန်မတို့ Welt hanger hilife က လုပ်ပါတယ်။ ဒီရွာမှာ ကျွန်မတို့တွေ လက်ရှိလုပ်ဆောင်ပေးနေတာကတော့ ရွာစာသင်ကျောင်း၊ ကျန်းမာရေးဌာန၊ မိုးရေလှောင်ကန်တွေ ဆောက်လုပ်ပေးထားပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစားစီးပွားရေးတွေကိုလည်း လုပ်ပေးထားပါတယ်။ တောင်သူတွေရဲ့ လိုအပ်ချက်တွေကြည့်ပြီး ဖြည့်ဆည်းပေးတာပေါ့"ဟု Welt hanger hilife အဖွဲ့၏ စီမံကိန်းညှိနှိုင်းရေးမှူး ဒေါ်သန္တာဖြူက ထပ်မံပြောကြားသည်။

မစ္စစ်ဒါနီလာရှထ်နှင့် အဖွဲ့သည် ဂျာမနီအစိုးရ၏ ထောက်ပံ့မှုဖြင့် ဆောက်လုပ်ထားသည့် စန္ဒယော်ကျေးရွာ၏ အခြေခံပညာအလယ်တန်းကျောင်းခွဲမှ ကျောင်းဆောင်သစ်နှစ်ဆောင်၊ မိုးရေလှောင်ကန်၊ ကျန်းမာရေးဌာနတို့ကို ကြည့်ရှုကာ ကျေးရွာပြည်သူများ၏ လိုအပ်ချက်များကို မေးမြန်းခဲ့သည်။ မစ္စစ်ဒါနီလာရှထ်က ကျေးရွာပြည်သူများက နွေးနွေးထွေးထွေး ကြိုဆိုသောကြောင့် ကျေးဇူးတင်ကြောင်း Malteser International နှင့် Welt hanger hilife အဖွဲ့တို့၏ ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်ချက်များကို ကြည့်ရှုမည်ဖြစ်ကြောင်း၊ ယခုလိုလာရောက်ခွင့်ရသောကြောင့် အလွန်ဝမ်းသာကြောင်း ပြောကြားခဲ့သည်။ ဂျာမနီသမ္မတနိုင်ငံသည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်နေမှုအပိုင်းတွင် အစိုးရချင်းချိတ်ဆက်ကူညီနေရုံမျှမကဘဲ INGO များအနေဖြင့်ပါ ကူညီလျက်ရှိသည်။

မစ္စစ်ဒါနီလာရှထ်နှင့် အဖွဲ့သည် ကျေးရွာမှ တာဝန်ရှိသူများ၊ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံကာ ကျေးရွာနေပြည်သူများ၏ လိုအပ်ချက်များကို မေးမြန်းမှတ်သားခဲ့သည်။ မစ္စစ် ဒါနီလာ ရှထ်နှင့် အဖွဲ့သည် ညနေ ၄ နာရီခွဲတွင် စန္ဒယော်ကျေးရွာမှ ချက်ထရီယမ် ဟိုတယ်သို့ ပြန်လည်ထွက်ခွာခဲ့သည်။

သတင်း-ရဲခေါင်ညွှန့်
ဓာတ်ပုံ-ဖိုးထောင်

ယာဉ်လိုင်းများ စည်းကမ်းဖောက်ဖျက်၍ တိုင်ကြားရာ၌ ဇန်နဝါရီလတွင် စံချိန်တင်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ခရီးသွားပြည်သူများမှာ ခရီးသည်တင်ယာဉ်လိုင်းများ၏ စည်းကမ်းဖောက်ဖျက်မှုများကို တိုင်ကြားရာတွင် ယခင်လများထက် ဇန်နဝါရီလတွင် တိုင်ကြားမှု ပိုမိုများခဲ့ပြီး စံချိန်တင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၅ ရက်တွင် ကျင်းပသည့် မထသ(ဗဟို) စာနယ်ဇင်းရှင်းလင်းပွဲ၌ မထသ(ဗဟို) ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

"ဇန်နဝါရီ နှစ်စမှာပဲ တိုင်ကြားမှုက တော်တော်လေးများပြီးတော့ စံချိန်တင်ခဲ့တယ်။ တိုင်ကြားမှုအားလုံးကိုလည်း အရေးယူပြီး ဖြစ်ပါတယ်။ တိုင်ကြားသူတွေကလည်း ဖုန်းနံပါတ်တွေကိုပြောပြီး တိုင်ကြားဖို့ လိုပါတယ်။ ဒါကလည်း ဘယ်လိုအရေးယူတယ်ဆိုတာ ပြန်လည်အကြောင်းကြားပေးဖို့ပါ" ဟု ၎င်းက ပြောသည်။

မထသ(ဗဟို) သို့ ယာဉ်လိုင်းများနှင့်ပတ်သက်၍ တိုင်ကြားရာတွင် ယာဉ်စီးခပိုမိုတောင်းခံသည့် ပြဿနာသည် အများဆုံးဖြစ်ပြီး ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်အထိ တိုင်ကြားမှုစုစုပေါင်း ၈၄ ကြိမ်အထိ တိုင်ကြားမှုရှိခဲ့ကြောင်း သိရသည်။ **(ကေသိန်းဆွေ)**

မြန်မာနိုင်ငံသတ္တုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံရေးဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဂျပန်နိုင်ငံ တိုကျိုမြို့ အခြေစိုက် မစ်ဆူဘီရှိကော်ပိုရေးရှင်းမှ အကြီးတန်းအမှုဆောင် ဒုတိယဥက္ကဋ္ဌ Mr. Jun KINUKAWA ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဓာတ်ပုံ)

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဒေါ်လဲ့လဲ့သိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ သတ္တုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံရေး၊ သီလဝါအထူးစီးပွားရေးဇုန်တွင် ပူးပေါင်းဆောင်ရွက်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးအပ်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ပျဉ်းမနားမြို့နယ်အရှေ့ခြမ်းတောင်ပေါ်ဒေသ တိုင်းရင်းသားများနှင့်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်သည် နေပြည်တော် ပျဉ်းမနားမြို့နယ်အရှေ့ခြမ်းတောင်ပေါ်ဒေသ တိုင်းရင်းသားများအား ယနေ့ညနေပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာရှိ ခန်းမဆောင်၌တွေ့ဆုံ၍ ပျဉ်းမနားအရှေ့ခြမ်း တောင်ပေါ်ဒေသ တိုင်းရင်းသားများ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် လူမှုစီးပွားဘဝ တိုးတက်ဖွံ့ဖြိုးရေးနှင့် ဆက်သွယ်ရေးစနစ်များ ကောင်းမွန်ရေးတို့အတွက် နေပြည်တော်ကောင်စီအနေဖြင့် ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူငယ်များအနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မြင့်အောင်သန်းနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးမျိုးအောင်တို့က ပျဉ်းမနားမြို့ အရှေ့ခြမ်းတောင်ပေါ်ဒေသ ကျေးရွာများအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ပေးနေမှုများနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းရင်းသားများက ကျေးရွာဖွံ့ဖြိုးရေးအတွက်ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး တောင်ပေါ်ဒေသတိုင်းရင်းသားများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာ(၂)၌ ၂၀၁၄ ခုနှစ် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ တိုင်းရင်းသားရေးရာဝန်ကြီးများအား ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည်ဧည့်ရိပ်သာ(၁)အတွင်း တည်းခိုလျက်ရှိသည့် နိုင်ငံရေးပါတီများမှ ပါတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၏ တည်းခိုနေထိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှု၍ တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် မြန်မာ-ဂျာမနီ စီးပွားရေးဖိုရမ် ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ပထမအကြိမ် မြန်မာ-ဂျာမနီ စီးပွားရေးဖိုရမ်ကို ယနေ့တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တွင် ကျင်းပသည်။

ယင်းစီးပွားရေးဖိုရမ်သို့ ဂျာမနီသမ္မတနိုင်ငံ Federal Ministry for Economic Affairs and Energy မှ Parliamentary State Secretary Ms.Brigitte Zypries နှင့် The Association of German Chambers of Commerce and Industry (DIHK) ဂျာမနီကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌ Prof. Dr.Ludwlg Georg Braun တို့ ဦးဆောင်၍ ဂျာမနီနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၁၆၀ ခန့် တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ကုန်စည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့်မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၂၀၀ ခန့် တက်ရောက်ကြသည်။

ဂျာမနီနိုင်ငံ စီးပွားရေးနယ်ပယ်အသီးသီးမှ SME လုပ်ငန်းရှင်များနှင့် နိုင်ငံတကာအထိ ဈေးကွက်ရယူထားသော ကုမ္ပဏီကြီးများလည်း ပါဝင်တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ဂျာမနီနှင့်မြန်မာ စီးပွားရေးလုပ်ငန်းရှင်များ၏ သက်ဆိုင်ရာကဏ္ဍအလိုက် စီးပွားရေးတွေ့ဆုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နှင့် Association of German Chambers of Commerce (DIHK) တို့အကြားနားလည်မှုစာချွန်လွှာ (MoU) တစ်ခုနှင့် ပူးတွဲကြေညာချက် တစ်စောင်ကိုလည်း လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်မည့် တိုင်းရင်းသားယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့ဝင်များ နေပြည်တော်တွင် လှည့်လည်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

၂၀၁၄ ခုနှစ် (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်၌ ရောက်ရှိနေကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ တိုင်းရင်းသားယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့ဝင်များအနက် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ကိုယ်စားလှယ် ၁၃၉ ဦးတို့သည် အဖွဲ့ခေါင်းဆောင်များ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းမှစတင်၍ လေ့လာရေးခရီးအဖြစ် စစ်သမိုင်းပြတိုက်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ လွှတ်တော်အဆောက်အအုံများနှင့် မြို့မဈေးတို့သို့ လှည့်လည်လေ့လာခဲ့ကြသည်။

အလားတူ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ တိုင်းရင်းသားယဉ်ကျေးမှုကိုယ်စားလှယ် ၁၅၅ ဦးတို့သည် ယမန်နေ့နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး နေပြည်တော်တိရစ္ဆာန်ဥယျာဉ်၊ နက္ခတ်တာရာပြခန်းတို့ကို သွားရောက်လေ့လာခဲ့ကြသည်။ မွန်းလွဲပိုင်းတွင် သတ္တသတ္တာဟစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြကာ **(ဓာတ်ပုံ)** ညနေပိုင်းတွင် နေပြည်တော်ရေပန်းဥယျာဉ်၌ အပန်းဖြေလေ့လာခဲ့ကြသည်။ **သန်းလွင်(ပြန်ကြားရေးဆပ်ကော်မတီ)**

သားတို့ သမီးတို့ရေ. . .

"တက္ကသိုလ်ဝင်စာမေးပွဲကြီးနီးကပ်လာပြီ"၊ အန်တီတို့ငယ်ငယ်တုန်းက ဒီလိုအချိန်ရောက်ပြီဆိုရင် အန်တီဖေဖေက "Examination is knocking at the door" ဆိုပြီး အချိန်တိုင်းတပ်လှန့်နေတော့တာလေ။ ခုလည်း တကယ်တံခါးခေါက်တဲ့အချိန်ကို ရောက်လာခဲ့ပြီ။ ဖြေဆိုတဲ့အချိန်မှာ ဘက်စုံထောင့်စုံက ပြည့်စုံပိုင်နိုင်ခဲ့မယ်ဆိုရင် အောင်စာရင်းထွက်တဲ့အချိန်မှာ မိဘတွေ၊ ဆရာ ဆရာမတွေနဲ့ သားတို့သမီးတို့ အားလုံးပီတိမျက်ရည်တွေနဲ့ ပြုံးပျော်နိုင်ကြတော့မှာ သေချာတယ်။

အားနှင့်မာန်နှင့် တောင်ဟုန်ဖွင့်၍

ဒေါက်တာနီလာသိန်း (လင်းရောင်သစ်)

စာမေးပွဲဖြေဆိုဖို့ အချိန်စာရင်းထွက်လာပြီဆိုရင်ပဲ အားလုံးနိုးနိုးကြားကြားနဲ့ ကြိုတင်ပြင်ဆင်မှုတွေကို အရှိန်မြှင့်ကြရပြီ။ သားတို့သမီးတို့မှာ စိတ်ရဲ့ထွက်ပေါက်ဆိုတာမရှိ၊ အိပ်ရေးတွေကပျက်၊ စိတ်ဖိစီးမှုတွေကများနဲ့ အလိုလို စိတ်တိုစိတ်ဆတ်ပြီး ကြောင့်ကြစိတ်တွေရှိနေကြမှာ သေချာတယ်။ ရည်မှန်းချက်ကြီးတဲ့၊ လိုချင်စိတ်ရှိတဲ့၊ ကိုယ်ပိုင်အသိနဲ့ စာကျက်နေကြတဲ့ ကလေးတွေရှိသလို တစ်ချိန်လုံးစာကျက်ဖို့တွန်းနေရတဲ့ ကလေးတွေလည်း ရှိနေကြမှာပဲ။

ဘယ်လိုပဲဖြစ်ဖြစ် ဒီအချိန်ကတော့ သားတို့သမီးတို့အတွက် အပိုအလုပ်တွေ မလုပ်သင့်တော့တဲ့အချိန်ပါပဲ။ မိဘတိုင်းကလည်း ကိုယ့်ကလေးရဲ့ ဉာဏ်ရည်ပေါ်လိုက်ပြီး သင့်တင့်မျှတတဲ့ဝီရိယနဲ့ ကြိုးစားအားထုတ်ဖို့ ဘေးကပံ့ပိုးပေးနေကြပါတယ်။ လိုအပ်သမျှကို မျက်ခြည်မပြတ် ဖြည့်ဆည်းပေးတဲ့အခါ ဖြစ်စေချင်ဇောနဲ့ ကရုဏာဒေါသောလေသံတွေ ပါသွားတတ်တယ်။ သူတို့လေးတွေရဲ့ ဘဝအကျိုးပေး အတိတ်ကံအကြောင်းတရား၊ ပါရမီအနုအရင့်တွေကရှိပြီးသားဆိုပေမယ့် စာမေးပွဲကာလတွေမှာ မိဘ၊ ဆရာ၊ ကလေး သုံးဦးသုံးဖလှယ်နားလည်မှုတွေက သိပ်အရေးကြီးပါတယ်။ ပတ်ဝန်းကျင်အခြေအနေ၊ မိသားစုအိမ်တွင်းရေးတွေရဲ့ ရိုက်ခတ်မှုက ကလေးရဲ့စိတ်အပေါ်မှာ သက်ရောက်မှုပိုများတာမို့ စာမေးပွဲဖြေဆိုမယ့် သားသမီးကို အချိန်တိုင်းမေတ္တာဖြင့် ဖြည့်ဆည်းပေးနေဖို့ လိုပါတယ်။

မေတ္တာတွေအနက်မှာ မိဘကသားသမီးအပေါ်ထားတဲ့မေတ္တာလောက် ဖြူစင်နက်ရှိုင်းတာမရှိပါဘူး။ မိခင်ရဲ့ ဝမ်းထဲမှာ သန္ဓေတည်၊ တစ်စစ ကြီးထွားနေကတည်းက မိခင်ရဲ့ဗီဇ၊ စိတ်နေစိတ်ထား၊ မိခင်ရဲ့ ကြိုးစားအားထုတ်မှုတွေက မွေးလာတဲ့ကလေးမှာ ဉာဉ်ဗီဇအနေနဲ့ ပါလာတတ်ပါတယ်။ မိဘတွေအနေနဲ့ မိမိဘက်က လိုလေသေးမရှိ လုပ်ပေးနေလျက်နဲ့ နားမလည်ကြပါလားဆိုပြီး ဝမ်းနည်းသောကရောက်နေဖို့မလိုပါဘူး။ သားသမီးအပေါ်မှာ မိမိရဲ့ဖြစ်လိုတဲ့ဆန္ဒက မြင်းမိုရ်မက ကြီးမားနေဦးတော့ ခုချိန်မှာစိတ်ကိုလျှော့ပြီး နားလည်ပေးဖို့နဲ့ ကိုယ့်ရဲ့ မေတ္တာစူးရှခဲ့ရင် ကလေးရဲ့ဘဝက တစ်သက်စာနစ်နာသွားနိုင်လို့ပါ။ ဒီနေရာမှာ သားတို့သမီးတို့ကို ပြောချင်တာက လောကမှာ ကိုယ့်အပေါ်အကောင်းဆုံးက မိဘပါပဲ။ မိဘထက်ကောင်းတဲ့လူ၊ သာတဲ့လူရှာမတွေ့နိုင်ပါဘူး။ သားတို့သမီးတို့ရဲ့ဘဝတွေ မြင့်မားဖို့ ဖြစ်လိုဇောနဲ့ မိဘက ဆူပူပြောဆိုတာရှိခဲ့ရင် မိဘကို ရိုင်းပျစွာ ပြန်မပြောဖို့ အရေးကြီးပါတယ်။ မိဘဂုဏ်၊ ဆရာဂုဏ်းသင့်ခဲ့ရင် ဘဝမှာ အောင်မြင်မှုတွေမရနိုင်ဘူး။ 'ဘုန်းကြီးလို့ သက်ရှည်၊ သက်ရှည်လို့ ဘုန်းကြီးပါစေ" လို့ ဆုပေးတာ အလကားမဟုတ်ဘူးနော်။ ဘဝမှာ ဘုန်းတန်ခိုးတော့ရှိပါရဲ့ အသက်မရှည်တဲ့သူတွေ၊ အသက်တော့ရှည်ပါရဲ့ ဘုန်းတန်ခိုးမဲ့တဲ့သူတွေရှိနေကြတယ်။ လူ့ဘဝမှာ အတိတ်ကံအကြောင်းတွေကြောင့် အသက်ရှည်ခြင်း၊ အသက်တိုခြင်း၊ ရုပ်အဆင်းလှခြင်း၊ အကျည်းတန်ခြင်း၊ ဂုဏ်ရှိခြင်း၊ ဂုဏ်မဲ့ခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ ကျန်းမာခြင်း၊ ကိုယ်အင်္ဂါချို့တဲ့ခြင်း ဆိုတာတွေက ရှိနေမှာဖြစ်ပြီး လက်ရှိပစ္စုပ္ပန်ကာလမှာ မိဘဂုဏ်၊ ဆရာဂုဏ်းသင့်ခဲ့ရင် လက်ငင်းခံစားရတတ်ပါတယ်။ ဒါကြောင့် ဒီအချိန်ဟာ မိဘဘက်ကရော၊ သားသမီးဘက်ကရော သိပ်ကိုအရေးကြီးတဲ့အချိန်လို့ ပြောရတာပါ။

အန်တီကတော့ ဒီလိုအချိန်ရောက်ရင် အန်တီတို့ငယ်ဘဝက ကြိုးစားရုန်းကန်ဖြတ်သန်းခဲ့ရတာတွေကို ကြေးမုံပြင်မှာ ထင်ဟပ်လာသလို တရေးရေးပြန်မြင်လာရတယ်။ "အချိန်နှင့်ဒီရေသည် လူကိုမစောင့်"၊ "မိုးရွာတုန်းရေခံ"၊ "အချိန်ရှိခိုက် လုံ့လစိုက်"ဆိုတဲ့ စကားပုံလေးတွေနဲ့အတူ ဒီအချိန်ရောက်လာတိုင်း ကဗျာဆရာ မောင်နှင်းပန်(ရေနံချောင်း)ရဲ့ "လူတိုင်းအတွက် ၂၄" ဆိုတဲ့ ကဗျာလေးကိုခံစားပြီး ဆောင်းပါးလေးတွေကို ရေးပေးဖြစ်ပါတယ်။ ကဗျာဆရာက-

"စက္ကန့် ၆၀ တစ်မိနစ်၊ မိနစ် ၆၀ တစ်နာရီ၊
၂၄ နာရီ တစ်ရက်
မူလတန်းစာမျက်နှာပေါ်မှ ဆရာမရဲ့ သင်ကြားမှု. . .
ခုထိမှတ်မိနေတယ်။
ဒါလူတိုင်းအခမဲ့ရရှိတဲ့အချိန်. . . ဒီအချိန်ပေါ်လေးစား
တန်ဖိုးထား အသုံးပြုသူတွေက လူများစွာအပေါ်
ခေါင်းတစ်လုံးမြင့် ပွဲလယ်တင့်တာ မငြင်းနိုင်ဘူး။
ကြိုးစားသူက ထိပ်ဆုံး
မကြိုးစားသူက အောက်ဆုံး
၂၄ နာရီရဲ့အဆုံးအဖြတ်က မျက်နှာမလိုက်ပါဘူး"တဲ့. . .။

ဘယ်လောက်ကောင်းတဲ့ ကဗျာလေးလည်းကွယ်. . .။

လူတွေရဲ့ ဘဝကိုကြည့်တဲ့အခါ မိုးနဲ့မြေကြီးလို ကွာခြားနေကြတာတွေ၊ ဘဝရဲ့ မညီညာမှု၊ မြင့်တုံ၊ နိမ့်တုံတွေက ဘာကြောင့်များပါလဲ။ ကံကံရဲ့ အကျိုးပေးဆိုတာ သေချာပေမယ့် အချိန်ကို အကျိုးရှိစွာစနစ်တကျ ပိုင်းခြားနိုင်သူတွေကပဲ အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်ကြမှာဖြစ်ပါတယ်။

မတ် ၁၂ ရက်ကစပြီး ဖြေဆိုကြမယ့် သားသမီးတွေအတွက်တော့ အခုချိန်ကစပြီး အချိန်တိုင်းဟာ "ရွှေ" တွေဖြစ်နေပါပြီ။ အပိုအာရုံတွေဖြတ်၊ စာဆိုမှစာ၊ ကြောင်ပုစွန်စားကြွပ်ကြွပ်ဝါးဆိုသလို ဘာသာရပ်တိုင်းကျေညက်နေရမယ့် အချိန်ကို ရောက်နေပါပြီ။ ကျက်ပြီးသားစာတွေကို ညအိပ်ရာဝင်ခါနီး ပြန်စဉ်းစား၊ ရေးပြီးကျက်၊ ထပ်ကာထပ်ကာ တွက်မယ်ဆိုရင် စာမေးပွဲခန်းထဲမှာ စာတွေက သူ့အလိုလို ပြန်ပေါ်လာလိမ့်မယ်။ ကိုယ့်ရှေ့က အမှတ်အများဆုံးရထားတဲ့ ဘာသာစုံဂုဏ်ထူးရှင်တွေရဲ့ ကြိုးစားကျက်မှတ်နည်းတွေကို စံနမူနာထား၊ အတုယူလိုက်နာပြီး (၁၀) နှစ်စာ မေးခွန်းဟောင်းတွေကို အထပ်ထပ်ဖြေဆိုကျက်မှတ်ကြရပါမယ်။

အဓိကတော့ ကျန်းမာရေးပါပဲ။ ပန်းဝင်ခါနီးမှာ ကျန်းမာရေးချို့ယွင်းခဲ့ရင် ကိုယ့်ရဲ့ ရည်မှန်းချက်တွေအားလုံး လေထဲမှာလွင့်မျောသွားရပါလိမ့်မယ်။ စာအကျက်များလို့ အထိုင်များပြီး အညောင်းမမိစေဖို့ ကိုယ်လက်လှုပ်ရှားမှုတွေ လုပ်ရမယ်၊ အိပ်ချင်လျက်နဲ့ မိဘနဲ့ဆရာကိုကြောက်ပြီး ပေတေထိုင်နေလည်း အလကားပါပဲ။ အိပ်ချင်ရင် အိပ်ပစ်ပြီး အိပ်ရေးဝတာနဲ့ပြန်ထပြီး ဦးနှောက်ကကြည်လင်လန်းဆန်းနေချိန်မှာ ပြန်လည်ကျက်မှတ်မယ်ဆိုရင် ပိုပြီးအကျိုးများပါတယ်။ မိဘဘိုးဘွားတွေဘက်ကလည်း ကိုယ့်အိမ်မှာ ၁၀ တန်းဖြေမယ့်ကလေးရှိရင် TV ကြည့်တာက အစ သတိထားကြဖို့လိုပါတယ်။ ဒီကာလဟာ သူတို့လေးတွေအတွက် ဘဝတစ်သက်စာ အရေးကြီးဆုံးလှေကားထစ် ဖြစ်နေလို့ပါ။ ဘဝရဲ့ အောင်မြင်ခြင်းပန်းတိုင်ရောက်ဖို့ ကျော်လွှားရမယ့်(စည်း)တစ်ခုကို အခက်အခဲမရှိဖြတ်ကျော်နိုင်ဖို့က အရေးကြီးနေပါပြီ။

ဒီနေ့ အောင်မြင်နေတဲ့ ပုဂ္ဂိုလ်ကြီးတွေ၊ နိုင်ငံ့ခေါင်းဆောင်တွေ၊ ကြီးပွားချမ်းသာနေတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေကို လေ့လာကြည့်ပါ။ မိဘကိုရိုသေကိုင်းရှိုင်း၊ ကျေးဇူးရှင်ကို သိတတ်တဲ့ သားသမီးတွေဖြစ်ခဲ့ကြလို့ပါပဲ။ မိဘဆီက အေးမြတဲ့မေတ္တာကိုခံယူထားနိုင်ကြလို့ သူတို့ရဲ့စိတ်တွေက ကြည်လင်လန်းဆန်းနေကြတယ်။ မြင့်မားတဲ့ဘဝတွေကို ရယူပိုင်ဆိုင်နိုင်လို့ ဘုန်းကြီးလို့အသက်ရှည်တဲ့ ဇာတာရှင်တွေဖြစ်လာကြတာပါ။

ဒါကြောင့် သားတို့သမီးတို့ကိုအဓိကထားမှာချင်တာက စာမေးပွဲဖြေခါနီးမှာ မိဘကို သေချာကန်တော့ပါ။ မိဘဆိုတာ အမြဲခွင့်လွှတ်နေစမြဲပါ။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ဖို့တောင်းပန်ပါ။ ကိုယ့်ရဲ့သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အားလုံးကို မေတ္တာပို့ပါ။ စိတ်နဲ့မှန်းကန်တော့ပါ။ စာမေးပွဲမစခင် ကိုယ့်ရဲ့ကိုယ်စောင့်နတ်၊ စာမေးပွဲခန်းစောင့်နတ်တွေနဲ့ ဝေနေယျသတ္တဝါအားလုံးကို မေတ္တာပို့ပါ။ စာမေးပွဲမေးခွန်းကို ကိုင်လိုက်တာနဲ့ကျက်မှတ်ထားတဲ့စာတွေ မေးခွန်းထဲမှာပါပြီး မိမိဖြေတဲ့စာတွေရာနှုန်းပြည့်မှန်ကန်ပါစေ၊ မှန်တဲ့စာတွေသာဖြေမိပြီး စာစစ်မယ့် ဆရာ ဆရာမတွေကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေလို့ ဆုတောင်းပါ။ ပြီးရင် မေးခွန်းကို အစအဆုံးသေချာဖတ်ပါ။ စေ့စေ့စပ်စပ်ကြည့်ပြီး ဖြေဆိုပါ။ မလျှမ်းပါနဲ့။ လက်ရေး ပီသမှုရှိပါစေ။ ဖြေထားတဲ့အပုဒ်ရေစေ့၊ မစေ့ပြန်စစ်ပါ၊ ဖျက်ရာ၊ ပြင်ရာများ ပါစေနဲ့။ အချိန်စေ့အောင်ဖြေပါ။ ဒီစာမေးပွဲက ဘဝစာမေးပွဲပါ၊ သားတို့သမီးတို့ရဲ့ ကြီးပွားခြင်း၊ အောင်မြင်ခြင်းတွေကို သတ်မှတ်ပေးမယ့် လှေကားထစ်ပါ။ ဒီလှေကားကို အောင်အောင်မြင်မြင် ကျော်လွှားပြီးရင် ဆက်တက်ရမယ့် လှေကားထစ်တွေက လွယ်ကူသွားပါပြီ၊ အမြင့်ဆုံးကိုရောက်ချင်ရင် လွယ်လွယ်နဲ့မရတတ်ပါဘူး၊ ကံ၊ ဉာဏ်၊ ဝီရိယမှာ ဝီရိယကို ရှေ့တန်းတင်နိုင်သူက ပိုမြင့်တဲ့ဘဝကို ရောက်နိုင်တယ်။

ဒီစာမေးပွဲရဲ့ အဆုံးအဖြတ်ကြောင့် သားတို့သမီးတို့နဲ့ သူငယ်ချင်းအပေါင်းအသင်းတွေအားလုံးရဲ့ ဘဝအဆင့်အတန်းတွေ၊ ဂုဏ်ဒြပ်တွေဟာ ကွာခြားသွားကြမှာပါ။ အမြင့်ဆုံးကိုရထားပြီးမှ ကိုယ်ဝါသနာပါရာ အသက်မွေးဝမ်းကျောင်းကို ရွေးချယ်လျှောက်လှမ်းဦးတော့ ဒီရလဒ်က ဘဝတစ်လျှောက်မှာ တန်ဖိုးရှိပြီး ကိုယ်နဲ့ထပ်ချပ်မကွာလိုက်ပါနေမယ့် အမှတ်အသားတစ်ခုဖြစ်နေလိမ့်မယ်။ ဒါကြောင့် ဒီလှေကားတစ်ထစ်ကို အားကုန်ကြိုးစားပြီး ခုန်တက်ပစ်လိုက်စမ်းပါ။ တစ်ခါတလေ စာကျက်ရတာ ငြီးငွေ့လာရင် သီချင်းတွေအော်ဆိုပစ်လိုက်ပါ။ ဂစ်တာတီးတတ်ရင် ဂီတာတီးပြီး သီချင်းအော်ဆိုပစ်လိုက်ရင် ဦးနှောက်ထဲကို အောက်ဆီဂျင်တွေရောက်ပြီး သွေးလည်ပတ်မှုတွေအားကောင်းပြီး ဉာဏ်ကိုပိုပွင့်စေတယ်။ တစ်ခါတလေ မြို့ထဲ၊ မြို့ပြင်ကားပတ်စီးရင်း လေတစ်ဝကြီးရှူပစ်လိုက်ပါ၊ အိမ်မှာရှိတဲ့ အစ်ကို၊ အစ်မ၊ ညီမလေးတွေနဲ့ ရန်တွေ ဘာတွေဖြစ်ပြီး ပြေးလွှားခုန်ပေါက်ပစ်လိုက်ပါ။ ဦးနှောက်ထဲမှာ ပြည့်သိပ်နေတဲ့ ကျပ်နေတဲ့အရာတွေ ပြေလျော့သွားမယ်ဆိုရင် စာကြည့်စားပွဲကို ထိုင်လိုက်တာနဲ့ လေးလံထိုင်းမှိုင်းမှုဆိုတာ မရှိနိုင်တော့ ဖတ်မယ့်စာတွေက ဦးနှောက်ထဲမှာ သူ့နေရာနဲ့သူ အကန့်လိုက်ရှိနေပြီး စာမေးပွဲခန်းထဲရောက်တာနဲ့ အလိုလိုရေးချနိုင်မှာဖြစ်တယ်။

ဟော စာမေးပွဲလည်းပြီးရော တစ်နှစ်လုံးခေါင်းထဲမှာတင်းကျပ်စွာရှိနေခဲ့တဲ့ အစိုင်အခဲကြီးက ပေါ့ပါးသွားခဲ့ရပြီ။ အောင်စာရင်းတွေ ထွက်တဲ့အခါ ဂုဏ်ယူဝင့်ကြွားနိုင်ဖို့၊ ပျော်ရွှင်ကြည်နူးနိုင်ဖို့ အခုအချိန်မှာ စံချိန်ကို အမြင့်ဆုံးထိတင်လိုက်ကြပါ။ နောင်တဆိုတာ နှောင်းမှရတတ်တာချည်းမို့ ခုချိန်မှာ မီးကုန်ယမ်းကုန် ကြိုးစားမယ်ဆိုရင် အချိန်မီပါသေးတယ်။ ကျောင်းအတူတက်၊ စာအတူကျက်ခဲ့ကြတဲ့ သူငယ်ချင်းတွေပေမယ့် နောင်တစ်ချိန်မှာ ဘဝအောင်မြင်မှုနဲ့ အဆင့်အတန်းကို ပိုင်းခြားသတ်မှတ်ပေးတော့မယ့် ယှဉ်ပြိုင်ပွဲကြီးလို့တွေးပြီး ကြိုးစားလိုက်ကြစမ်းပါ။

ကိုယ့်ကိုယ်ကိုယ် အောင်မြင်လိုသူတစ်ယောက် သေချာပေါက်ဖြစ်ဖို့ရာ. .

"၂၄ နာရီကို ရွှေရောင်တင်. . .
ဖြစ်ချင်တာကိုကြိုးစား ပစ်မှတ်ကို ထိမှာမလွဲဘူး။
ကဲ. . .အချိန်တွေမဖြုန်းနဲ့. . . ၂၄ နာရီကိုအသုံးပြု
အောင်မြင်မှုသရဖူဆောင်း၊
ကမ္ဘာကို ခါးစောင်းတင်ကြရအောင်. . .

သားတို့ သမီးတို့ရေ စကြဝဠာကြီးက ဘယ်လောက်များကျယ်လို့လဲ။ သားတို့သမီးတို့ရဲ့ ကြိုးစားမှုတွေ၊ လုံ့လဝီရိယတွေ၊ လိမ္မာသိတတ်မှုတွေနဲ့ ရင်ကိုကော့ ခေါင်းကိုမော့ပြီး အောင်မြင်မှုဆိုတဲ့ ပန်းတိုင်ကို အရောက်လှမ်းကြမယ့်အချိန်မှာ အန်တီကြားဖူးတဲ့ကဗျာလေးတစ်ပုဒ်ကို လက်ဆောင်ပေးလိုက်မယ်နော်။

"အားနှင့် မာန်နှင့်
တောင်ဟုန်ဖွင့်၍
မိုးမြင့်အာကာ
ပျံသာပျံပါ
ကမ္ဘာမကျယ်လှပါဘူး"လို့. . .။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၂-၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့)

၅း၄၀	"လောကငြိမ်းဖို့ သော့ဖျက်စို့" တရားတော် [အရှင်ဝါသဝ (ဆိပ်ဖြူ) အင်ကြင်းမြိုင်ဆရာတော်]
၁၁း၂၀	MRTV-4 Stage
၆း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး" (အပိုင်း-၉၈)
၇း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ " ထာဝရမန္တလေး"(အပိုင်း-၃)
၈း၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသောနှလုံးသား" (အပိုင်း-၈၁)
၉း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရွှေဖူးစာလေးတဝဲလည်" (အပိုင်း-၃၇)

မိသားစုဘဝများ လုံခြုံဖို့ "Two Stars" သွပ်ပြား မိုးကြစို့...

TWO STARS သွပ်ပြားနှင့်ကာလာစတီးလ်အမိုးပြားများ

Distributed by: Lwin Oo Htwe Trading Co., Ltd.

ပြည်သူ့လွှတ်တော်အစည်းအဝေး

ဒေသတွင်းရှိ ဌာနများ၊ အာကာသနည်းပညာဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ရာ သိပ္ပံနှင့်နည်းပညာဆိုင်ရာမေးခွန်း၊ တရားရေးဆိုင်ရာ မေးခွန်းနှင့် သတ္တုတွင်းဆိုင်ရာ မေးခွန်းတို့ မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၏ **တရားရုံးအဆင့်ဆင့်မှ တရားသူကြီးများအနေဖြင့် တရားရုံးတွင် သက်သေခံထွက်ဆိုရန်အတွက် ထုတ်ဆင့်လိုက်သော တရားစွဲအဖွဲ့အစည်းများမှ တာဝန်ရှိ ရဲတပ်ဖွဲ့ဝင်များ၊ မှုခင်းဆရာဝန်များ ပျက်ကွက်တိမ်းရှောင်ပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၇၂ ဖြင့် အရေးယူဆောင်ရွက်ခဲ့မှု ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြသိမ်းက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၇၂ မှာ ပြည်သူ့ဝန်ထမ်းတစ်ဦးက ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ဥပဒေနှင့်အညီ ထုတ်ဆင့်ပိုင်သည့်အတိုင်း ထုတ်ဆင့်သော သမ္မာန်စာဖြစ်စေ၊ နို့တစ်စာဖြစ်စေ၊ အမိန့်စာဖြစ်စေ ချအပ်သည်ကို မည်သူမဆိုတိမ်းရှောင်လျှင် ထိုသူကိုတစ်လထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငါးရာထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါကြောင်း၊ သို့တည်းမဟုတ် သမ္မာန်စာမှာဖြစ်စေ၊ နို့တစ်စာမှာဖြစ်စေ၊ အမိန့်စာမှာဖြစ်စေ တရားရုံးသို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ကိုလည်းကောင်း သက်ရောက်စေရန် သို့တည်းမဟုတ် စာတန်းအမှတ်အသား တစ်ခုခုကို တင်ပြစေရန်ပါရှိလျှင် ထိုသူကို (၆)လအထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ တစ်ထောင်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၇၂ အရ အရေးယူနိုင်ရန် ပြည်သူ့ဝန်ထမ်းက ဥပဒေနှင့်အညီ ထုတ်ဆင့်တဲ့သမ္မာန်စာ သို့မဟုတ် နို့တစ်စာ သို့မဟုတ် အမိန့်စာချအပ်သည်ကို ချအပ်ခြင်းခံရသူက တိမ်းရှောင်ကြောင်း ပေါ်ပေါက်ရမည် ဖြစ်ပါကြောင်း၊ ထိုသို့ တိမ်းရှောင်ကြောင်း ပေါ်ပေါက်မှသာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅(၁) (က)အရ သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်းက ဖြစ်စေ၊ ယင်းဝန်ထမ်း၏ အထက်အကြီးအကဲ ဝန်ထမ်းကဖြစ်စေ တရားလိုပြုလုပ်၍ တရားရုံးတွင် ဦးတိုက်လျှောက်ထားတရားစွဲဆိုရန် ဖြစ်ပါကြောင်း။

အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး

သက်ဆိုင်ရာရဲတပ်ဖွဲ့မှ ရဲအရေးပိုင်သည့်ပြစ်မှုနှင့် တရားစွဲဆိုတင်ပို့သည့် အမှုများမှာ အမှုပါသက်သေများ ရုံးရှေ့ရောက်ရှိအောင် ဆင့်ခေါ်ပေးရန် တာဝန်သည် သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းဖြစ်သည့် ရဲတပ်ဖွဲ့တွင် တာဝန်ရှိပါကြောင်း၊ ဦးတိုက်လျှောက်ထားတရားစွဲဆိုသည့်အမှုများမှာ တရားလိုက ရုံးခွန်တော်တံဆိပ်ခေါင်း ထမ်းဆောင်မှ တရားရုံးက တရားလိုပြသက်သေကို သမ္မာန်စာ ထုတ်ဆင့်ခေါ်ယူပေးပါကြောင်း၊ အဆိုပါအမှုများမှာ ရဲတပ်ဖွဲ့ဝင်များ၊ မှုခင်းဆရာဝန်များသည် တာဝန်အရ သက်သေအဖြစ် တရားရုံးတွင် အစစ်ခံရန်အကြောင်း အလွန်နည်းပါးသည်ကို တွေ့ရှိရပါကြောင်း၊ ရဲတပ်ဖွဲ့ဝင်သက်သေများ၊ ဆရာဝန်သက်သေများ တရားရုံးသို့ သက်သေခံလာရောက်ရေးအတွက် အဆိုပါသက်သေများကို ၎င်းတို့၏အထက်အဆင့်အကြီးအကဲမှတစ်ဆင့် အကြောင်းကြားစာ သို့မဟုတ် သမ္မာန်စာထုတ်ဆင့်ခေါ်ယူရခြင်းဖြစ်သည့်အတွက် တရားရုံးအဆင့်ဆင့်ရှိ တရားသူကြီးများက တရားလို၊ တရားခံများအပေါ် ဖိအားပေးစေခိုင်းရန် အကြောင်းမရှိနိုင်ပါကြောင်း၊ ယင်းသို့ ဖိအားပေးစေခိုင်းမှုများ ရှိနေသည်ဆိုသည့် သတင်းများကိုလည်း ကြားသိရခြင်း မရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၏ **အမိန့်ကြော်ငြာစာ အမှတ် (၁၁/၂၀၁၁)ဖြင့် မြန်မာဂြိုဟ်တုလွှတ်တင်ရေးလုပ်ငန်းကော်မတီတစ်ရပ် ဖွဲ့စည်းခဲ့ကြောင်း သိရသော်လည်း "အာကာသဆိုင်ရာအစိုးရအဖွဲ့အစည်း(Space Agency)"ကိုဖွဲ့စည်းပြီး/မပြီး** မေးမြန်းသည့် မေးခွန်းနှင့်စပ်လျဉ်း၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က နိုင်ငံတော်အနေဖြင့် အနာဂတ်ကာလတွင် ဆက်သွယ်ရေးကဏ္ဍ၊ ပြန်ကြားရေးကဏ္ဍနှင့် အခြား ဆက်စပ်ကဏ္ဍများတွင် နိုင်ငံတော်၏ နေရာဒေသမရွေး လုံခြုံချောမွေ့စွာဖြင့် ဆောင်ရွက်သွားနိုင်ရန်အတွက် နိုင်ငံတော်မှ စီမံထိန်းချုပ်ကွပ်ကဲနိုင်သည့် နိုင်ငံပိုင်ဆက်သွယ်ရေး ဂြိုဟ်တုတစ်လုံး လွှတ်တင်နိုင်ရန် နိုင်ငံတော်ပိုင်ဆက်သွယ်ရေး ဂြိုဟ်တုလွှတ်တင်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများအား ဖွဲ့စည်းခဲ့ပါကြောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအတွက် ကြိုတင်သတိပေးချက်များ ထုတ်ပြန်ရာတွင် ပိုမိုကောင်းမွန်သော ဂြိုဟ်တုမိုးလေဝသ တိုင်းထွာချက်များ အချိန်နှင့်တစ်ပြေးညီရရှိရန်နှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများတွင် ဘက်စုံကြိုတင်သတိပေးစနစ်များ ပိုမိုကောင်းမွန်လာစေရန်အတွက် ဒေသတွင်းရှိ ဌာနများ၊ အာကာသနည်းပညာဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိပြန်လည်ပေးပို့သော **အီလက်ထရွန်နစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေကြမ်း**နှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသည့် **အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်း**တို့ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူခဲ့ပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ကမ်းခြေတစ်လျှောက် ထုထည်ကြီးမားသောအဆောက်အအုံများ တည်ဆောက်ခြင်းမပြုရန် သတ်မှတ်ပေးထား

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ဟိုတယ်ဇုန်ဖော်ထုတ်ဆောင်ရွက်ရာတွင် ဟိုတယ်များကို ဘန်ဂလိုပုံစံသာမက အထပ်ဖြင့်ဆောက်လုပ်လိုပါက မျက်နှာစာများတွင် အင်းလေးကန်၏မြင်ကွင်းကို ထိခိုက်မှုမရှိစေရန် ဟိုတယ်အမြင့်ကို ပေ(၃၀)ထိသာ ဆောက်လုပ်ရန်နှင့် မျက်နှာစာ၏အတွင်းပိုင်း နောက်ကျောဘက်မှ ဟိုတယ်များအနေဖြင့် မြေအနေအထားပေါ်မူတည်ပြီး (၅၄)ပေအထိသာ ခွင့်ပြုရန်၊ ဟိုတယ်ဒီဇိုင်းမှာ မြန်မာမှုအခြေခံ၍ ရိုးရာဓလေ့ပုံစံဆောက်လုပ်ရန်၊ အရောင်အသွေးမှာ နောက်ခံသဘာဝတောတောင်ရေမြေကို အခြေခံဆောင်ရွက်ရန် ဟိုတယ်ဇုန်ဖော်ထုတ်ရေးကော်မတီနှင့် ညှိနှိုင်းထားပါကြောင်းဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်းက ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေး (၁၂)ရက်မြောက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင်၏ **"အင်းလေး၊ ငပလီဒေသများတွင် ဆောက်လုပ်ဆဲ၊ ဆောက်လုပ်ရန် ဆောင်ရွက်နေသော ဟိုတယ်များသည် ဒေသသဘာဝပတ်ဝန်းကျင်အခြေအနေနှင့် လိုက်ဖက်ညီစေရန်၊ ဟိုတယ်အဆောက်အအုံ ပုံသဏ္ဍာန်များ၊ ဆေးရောင်များကို သတ်မှတ်ကြီးကြပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ငပလီကမ်းခြေဒေသအပါအဝင် ကမ်းခြေဒေသများ၌ ဟိုတယ်၊ တည်းခိုရိပ်သာများ၊ အပန်းဖြေစခန်းများ တည်ဆောက်ရာတွင် ကမ်းခြေဒီရေအတက်ဆုံးနေရာမှ အနည်းဆုံးမီတာ (၅၀)အကွာတွင် အဆောက်အအုံတည်ဆောက်ရန်၊ ယေဘုယျအားဖြင့် ၂ ထပ်အမြင့်၊ မြေပြင်မှပေ (၃၀) ထက် မမြင့်စေရန်၊ ကမ်းခြေတစ်လျှောက်ထုထည်ကြီးမားသော အဆောက်အအုံများ တည်ဆောက်ခြင်းမပြုရန်၊ ကမ်းခြေနှင့် လိုက်လျောညီထွေသည့် ဗိသုကာပုံစံမျိုးနှင့် တည်ဆောက်ရေးပစ္စည်းများကို ရွေးချယ်ဆောက်လုပ်ရန်၊ ပင်လယ်တစ်လျှောက် ရှုခင်းများကို ကာကွယ်မည့်အကာအရံတံတိုင်းများ ကာရံထားခြင်းမပြုရန်၊ ကမ်းခြေရှိကျောက်ဆောင်များ ဖြိုချခြင်း၊ သဲများတူးယူ၍ မြေဖို့ခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုခြင်း မပြုလုပ်ရန်၊ ဟိုတယ်တစ်ခုနှင့်တစ်ခုအကြား အများပြည်သူအတွက် ကမ်းခြေဆင်းလမ်း ဖောက်လုပ်ထားရှိပေးရန် စသည့်အခြေခံအချက်များကို လိုက်နာရန် သတ်မှတ်ပေးထားပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးညွန့်တင်

ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်း

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကြမ်းနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက်လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ထားရှိရန် သဘောတူလက်ခံအတည်ပြုထားသဖြင့် လည်းကောင်း အဆိုပါ ဥပဒေကြမ်း(၂)ခုကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည်။

ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့် အခြားလူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကူညီဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ၏ အစီရင်ခံစာ(၁/၂၀၁၄)ကို တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမြင့်စိန်က ဖတ်ကြားတင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်ခဲ့ပြီး ယနေ့အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ ဂုဏ်ပြု ညောင်လေးပင်၌ စာကြည့်တိုက်ဖွင့်

ညောင်လေးပင် ဖေဖော်ဝါရီ ၁၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဝါးပတောကျေးရွာအုပ်စု အရှေ့ဇီးကန်ရွာ၌ (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် "အရှေ့ ဇီးကန်စာကြည့်တိုက်" အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သီဟ၊ ပြန်/ဆက်ရုံးမှ ရုပ်/သံ ကျွမ်းကျင် (၃) ဦးဌေးဝင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်ကြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် မြို့နယ်ပြန်/ဆက် ဦးစီးဌာနမှ သုတ၊ ရသစာအုပ် ၁၀၀ နှင့် ဆရာမကြီး ဒေါ်ခင်ရွှေက သုတ၊ ရသ စာအုပ်များ လှူဒါန်းရာ ရပ်မိရပ်ဖ ဦးကျော်စိုးမိုးက လက်ခံရယူသည်။ အဆိုပါ စာကြည့်တိုက်သည် သွပ်မိုးတစ်ထပ်တိုက်ဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၁၀ သိန်းနှင့် ကျေးရွာပြည်သူများက လှူဒါန်းငွေကျပ် ၁၂ သိန်းဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

ခင်မောင်လွင်(ညောင်လေးပင်)

ဂျာမနီနိုင်ငံသမ္မတနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့်ညစာစားပွဲ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ်နှင့်ဇနီး မစ္စစ် ဒါနီလာရှုထ်တို့က မြန်မာနိုင်ငံရောက် ဂျာမနီနိုင်ငံသားများနှင့် ဂျာမနီစီးပွားရေးလုပ်ငန်းရှင်များအား တည်ခင်းဧည့်ခံသည့် ညစာစားပွဲကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်သည်။**(အပေါ်ပုံ)**

အဆိုပါ ညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးသိန်း၊ ဦးဝဏ္ဏမောင်လွင်၊ ဦးဇေယျာအောင်နှင့် ဦးအေးမြင့်ကြူ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ မြန်မာ-ဂျာမနီနှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသမ္မတ ဂျိုဝါချင်ဂေါက်ခ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသမ္မတနှင့်ဇနီးတို့က ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

✱ ပြုပြင်ပြောင်းလဲမှုများမှ

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များ ဆက်လက်ဖြစ်ထွန်းရေးသည် နိုင်ငံသားများ၏ တစ်ဦးချင်းအလိုက် လူနေမှုအဆင့်အတန်းမြင့်မားလာခြင်းနှင့် ဆက်စပ်နေပါကြောင်း၊ ဒုတိယကမ္ဘာစစ်ပြီးကာလ အနောက်ဂျာမနီ၏ ဒီမိုကရေစီစနစ်ထွန်းကားလာခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် ယုံကြည်စိတ်ကို ပိုမိုဖြစ်ထွန်းလာခြင်းဖြစ်ပါကြောင်း၊ ဂျာမနီနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် အထောက်အကူများ ပေးလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ တည်နေရာအနေအထားအရ လူဦးရေအကြွယ်ဝဆုံး နိုင်ငံနှစ်နိုင်ငံကြားတွင် တည်ရှိနေခြင်းကပင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အချက်တစ်ချက်ဖြစ်နေပါကြောင်း။

မြန်မာတို့၏ကောင်းမွန်သော အရည်အသွေးများ၊ သင်ယူမှုများ၊ လုပ်ကိုင်နိုင်စွမ်းများနှင့် အခြားသူများထံမှရရှိသော သင်ခန်းစာနှင့် အတွေ့အကြုံကောင်းများကို ကောင်းစွာအသုံးချပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချသွားနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ ထို့ပြင်သဘာဝပတ်ဝန်းကျင်၊ သယံဇာတနှင့် ယဉ်ကျေးမှုအနုပညာများကို ထိန်းသိမ်းနိုင်ကြမည်ဟုလည်း ယုံကြည်ပါကြောင်း။

အဆိုပါကိစ္စများတွင် စိန်ခေါ်မှုများနှင့် အခက်အခဲများရှိနိုင်ပြီး ဖြစ်လေ့ဖြစ်ထရှိသော အဟန့်အတားများ ဂျာမနီနိုင်ငံတွင်လည်း ဖြစ်ဖူးပါကြောင်း၊ ပွင့်လင်းမြင်သာစွာ လုပ်ကိုင်ဆောင်ရွက်တတ်သောအဖွဲ့အစည်းများသည် လမ်းသစ်များရှိပြီး ပိုမိုသင်ယူနိုင်သည့် အခွင့်အရေးများလည်းရှိပါကြောင်း၊ ဒီမိုကရေစီစနစ်အတွက် အရေးကြီးဆုံးဖြစ်သည့် ပညာရေးဆိုင်ရာ ကျောင်းများ၊ လူငယ်များ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းများ၊ သမိုင်းတစ်လျှောက်နာမည်ရခဲ့သော ရန်ကုန်တက္ကသိုလ်ကဲ့သို့ တက္ကသိုလ်များ လိုအပ်ပါကြောင်း၊ ဘွဲ့နှင်းသဘင်ခန်းမကြီး၏အဝင်တွင် ရေးသားထားသော စာသားဖြစ်သည့် “To create an education system that will generate a learning society”ကဲ့သို့ ပညာရေးသည် ယနေ့နှင့် နောင်အနာဂတ်အတွက်ပါ အကျိုးဝင်ပါကြောင်း၊ မျှော်လင့်ချက်အပြည့်ဖြင့် အနာဂတ်ကို အကောင်းမြင်ခြင်းသည် ကောင်းမွန်သော်လည်း မည်သူ့ဆီကမျှ မျှော်လင့်မနေဘဲ၊ ရန်လိုခြင်း၊ ဖိနှိပ်ခံရခြင်းများနှင့်ပတ်သက်၍ နောက်ကြောင်းပြန် စဉ်းစားမနေဘဲ လက်တွေ့တည်ဆောက်မှုများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့်သာ ပိုမိုကောင်းမွန်သည့် နိုင်ငံ့အနာဂတ်ဖြစ်လာမည်ဖြစ်ပါကြောင်း။

ဂျာမနီနိုင်ငံမှ Deutsche Welle Akademie သည် အခြားဥရောပနိုင်ငံများနှင့်ပူးပေါင်းကာ မြန်မာနိုင်ငံတွင် ကျောင်းဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်နေခြင်းကို ဝမ်းမြောက်မိပါကြောင်း၊ ဂျာမနီနိုင်ငံမှ နိုင်ငံရေးဖောင်ဒေးရှင်းများအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်များအတွင်း အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဂျာမနီနိုင်ငံ၏ Goe the Institute သည် ရန်ကုန်မြို့တွင် တရားဝင်မဖွင့်သေးသော်လည်း ဂျာမန်စကားပြောသင်တန်းများအတွက် ပြင်ဆင်လျက်ရှိနေပြီး ယဉ်ကျေးမှုဖလှယ်ခြင်းဆိုင်ရာ စိတ်ဝင်စားသူများအတွက် နေရာတစ်ခုဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်ကို ကြောက်စိတ်နှင့် လိုက်ပါမသွားဘဲ သတ္တိရှိခြင်းဖြင့်သာ လိုက်ပါသွားသင့်ပါကြောင်း၊ ယခုမှစတင်ကာ လွတ်လပ်မှုကို အသုံးချပြီး မိမိတို့၏ ယုံကြည်မှုများကို မြှင့်တင်ရင်း အကူးအပြောင်းကာလတွင် ပြည်သူတစ်ရပ်လုံးပါဝင်သည့် အုပ်ချုပ်ရေးစနစ်ကို သိမြင်ကာ လက်တွေ့အကောင်အထည်ဖော်သွားနိုင်အောင် ကြိုးပမ်းသွားကြစေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၂-၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့)

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၆း၃၀	၂၀၁၄ ခုနှစ် (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပပုံတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
၁၁း၁၀	(၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၂း၂၅	ဖြူ/မည်းရုပ်ရှင် “နေကျောက်ခဲ” (ကျော်ဟိန်း၊ ခင်သီတာထွန်း၊ ဆွေဇင်ထိုက်) (ဒါရိုက်တာ-သင်းသင်းယု)
၄း၁၅	“၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာသိကောင်းစရာ” (အင်္ဂလိပ်စာ)
၄း၅၀	ဂီတမဟာပျော်စရာ
၆း၂၀	ရွှေရင်ခုန်သံ
၆း၅၀	“မေ့မရသောပြည်ထောင်စုသီချင်းများ”
၈း၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း -သုခုမရင်ခွင်အငြိမ့်သဘင် “ရွှေသရဖူအငြိမ့်” (မင်းသမီး-နေခြည်ငြိမ်းချမ်း၊ လူရွှင်တော် -ရွှေသွေး၊ တော်ဝင်ဇာနည်၊ ရန်နိုင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံသမ္မတ၏ဇနီး မစ္စစ် ဒါနီလာရှုထ် ရေယာဉ်ရေချပွဲသို့တက်ရောက်ပြီး ရေယာဉ်ကိုရေချပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ်၏ ဇနီး မစ္စစ်ဒါနီလာရှုထ်နှင့်အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် ရန်ကုန်မြို့ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းလှော်လမ်းသုံးလွန်းကျင်း၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံမှ Foundation Stiftunglife ၏ အစီအစဉ်ဖြင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့ Uniteam Marine (Yangon) Ltd. က လုပ်ငန်းအပ်နှံတည်ဆောက်ခဲ့သော 100 ft Clinic Boat- Swimming Doctors-2 ရေယာဉ်ရေချပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အစီအစဉ်အရ ဂျာမနီနိုင်ငံ Foundation Stiftunglife ဥက္ကဋ္ဌ Mr. Juergen Gessner က Swimming Doctors-2 နယ်လှည့် ဆေးကုသရေး ရေယာဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဂျာမနီနိုင်ငံ သမ္မတ၏ ဇနီးနှင့်အဖွဲ့သည် Swimming Doctors-2 နယ်လှည့် ဆေးကုသရေး

ရေယာဉ်ပေါ်သို့ လှည့်လည်ကြည့်ရှုကြပြီး ဂျာမနီနိုင်ငံသမ္မတ၏ဇနီးက ရှန်ပိန်ပုလင်းခွဲ၍ ရေယာဉ်ကိုရေချပေးသည်။**(အပေါ်ပုံ)**

အဆိုပါ ရေယာဉ်သည် အလျား ပေ ၁၀၀၊ ဖြက် ၂၅ ပေ၊ ဇောက် ၇ ဒသမ ၅ ပေ၊ ရေစူး လေးပေ၊ အမြန်နှုန်းကိုးမိုင်ရှိ 179 KW ပင်မအင်ဂျင် နှစ်လုံးနှင့် 30 KW ရှိ မီးစက်တပ်ဆင်ထားပြီး တန်ဖိုးမှာ ကျပ် ၃၅၀၀၀၀၀၀၀ ဖြစ်သည်။

ရေယာဉ်တွင် ဆေးကုသခန်း သုံးခန်း၊ အရေးပေါ်ခွဲစိတ်ခန်း တစ်ခန်း၊ ဓာတ်ခွဲခန်းတစ်ခန်း၊ သွားဘက်ဆိုင်ရာ ကုသခန်း တစ်ခန်းနှင့် ဆေးသိုလှောင်ခန်း တစ်ခန်းပါရှိပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် နယ်လှည့်ဆေးကုသရေး ရေယာဉ်အဖြစ် ကျန်းမာရေးဝန်ဆောင်မှုပေးရန် ရည်ရွယ်ထားကြောင်း သိရသည်။

(သတင်းစဉ်)

ဆီးနှင်းများကျဆင်းမှုကြောင့် ခရီးလမ်းခေတ္တပိတ်ထားရ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းရှိ ကျေးရွာ ၁၁ ရွာမှ ပြည်သူများသည် မြို့ပေါ်တွင် လာရောက် အလုပ်လုပ်ကိုင်ကြရ၍ ရန်ကုန်မြစ်(လှိုင်မြစ်)ကို နေ့စဉ်ကူးသန်းကြရသူများ ဖြစ်ကြသည်။ သို့ဖြစ်ရာ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၆ နာရီမှ နံနက် ၈ နာရီ မိနစ် ၂၀ အထိ ဆီးနှင်းများပိတ်ဆို့နေခြင်းကြောင့် အလတ်ချောင်း ရပ်ကွက် ရေယာဉ်ကြီးကြပ်ရေးအဖွဲ့မှ ခရီးသွားလာမှုအန္တရာယ်ကင်းရှင်းရေး အတွက် ခရီးသည်တင် စက်တပ်ရေယာဉ်များခရီးသွားလာမှုကို ခေတ္တယာယီပိတ်ထားကြောင်း သိရသည်။ **(ရွှေတိုင်လွင်)**

ပင်လုံမြေ၏ညီညွတ်ခြင်းကို နှလုံးသွေးနှင့်ဆက်လက်ထိန်းသိမ်း

ဇော်နိုင်(အသုံးချဘောဂဗေဒ)

စည်းလုံးညီညွတ်ခြင်းဖြင့် အောင်မြင်မှုပန်းတိုင်ကို မိမိရရဆုပ်ကိုင်နိုင်သည်ကို ကမ္ဘာ့သမိုင်းတွင် လည်းကောင်း၊ မြန်မာ့သမိုင်းကြောင်းတွင်လည်းကောင်း အမျိုးမျိုးသော အတွေ့အကြုံများက ပြဆိုခဲ့ပြီးဖြစ်သည်။ စည်းလုံးခြင်းဆိုသည်မှာ ညီညွတ်ခြင်း၊ ပူးပေါင်းခြင်းဟူ၍ လည်းကောင်း၊ ညီညွတ်ခြင်းဆိုသည်မှာ ညီညာခြင်း၊ မျှတခြင်းဟူ၍လည်းကောင်း အနက်အဓိပ္ပာယ်ရှိသောကြောင့် စည်းလုံးညီညွတ်ခြင်းသည် သမမျှတသော အခြေအနေနှင့် ညီညာစွာ ပူးပေါင်းဆောင်ရွက်ခြင်းသဘောရှိရာ ဤလောကရှိ ကိစ္စရေးရာအဖြာဖြာတို့ကို စီစဉ်ရာတွင် စည်းလုံးညီညွတ်စွာ ဆောင်ရွက်နိုင်ပါက ပြီးမြောက်အောင်မြင်မှုရှိရုံသာမက ထိုအောင်မြင်မှုကို အရှည်တည်တံ့နိုင်သည်ဟု ကောက်ချက်ချရမည်သာ။

စုပေါင်းညီညာခြင်း၊ စည်းလုံးခြင်းတို့ကြောင့် ကောင်းကျိုးစီးပွားရရှိနိုင်သည်ကို ရှေးဦးကာလအတွေ့အကြုံများကလည်း သက်သေသာဓကများအဖြစ် ရှိနေခဲ့ပြီးဖြစ်သည်။ သမိုင်းဦးလူတို့သည် မူလက တစ်ဦးတစ်ယောက်ချင်းစီ နေထိုင်ရင်း အန္တရာယ်များ ကြုံတွေ့လာသည့်အခါ ရင်ဆိုင်ကျော်လွှားရန် မစွမ်းနိုင်သောကြောင့် နီးစပ်ရာချင်း အတူတကွနေထိုင်လာခဲ့ကြပြီး စုပေါင်းနေထိုင်သည့် အလေ့အထများ ရရှိလာခဲ့ကြ၏။ ထိုမှတစ်ဆင့် တိုးတက်ပြောင်းလဲလာသော ယဉ်ကျေးမှုများ၊ အတွေးအခေါ်များနှင့်အတူ အုပ်စုဖွဲ့နေထိုင်သည့်ဓလေ့ ပိုမိုဖြစ်ထွန်းလာခဲ့ပြီး ပိုမိုကြီးမားကျယ်ပြန့်သော ခေတ်မီလူ့အဖွဲ့အစည်းများ ထူထောင်နိုင်ခဲ့ကြသည့် အခြေအနေအထိ ဖြစ်လာခဲ့ကြသည်။ ထို့ကြောင့် ယနေ့ကာလ လူ့အဖွဲ့အစည်းများ၊ နိုင်ငံတော်များကို အတိတ်ကာလ နှစ်ပေါင်းများစွာကတည်းက တည်ဆောက်ထားသည့် စုစည်းမှုသင်္ကေတများအဖြစ် မှတ်ယူနိုင်ပြီး ခိုင်မာစွာ ထူထောင်ထားနိုင်ခဲ့သော လူ့အဖွဲ့အစည်းများကိုလည်း ထိုအဖွဲ့အစည်းအတွင်းရှိ နေထိုင်သူတို့၏ သဟဇာတဖြစ်မှု၊ ညီညွတ်မျှတမှုတို့၏ ဖြစ်ထွန်းမှုရလဒ်များဟု ဆိုရမည်။

လူ့အဖွဲ့အစည်းတစ်ခုအတွင်း၌ သဟဇာတဖြစ်မှု၊ ညီညွတ်မျှတမှု လျော့ပါးလာသောအခါ ဖော်ပြခဲ့သော အခြေအနေများနှင့် ဆန့်ကျင်ဘက်ရလဒ်များသာ ရရှိလာပေလိမ့်မည်။ သဘောထား မတိုက်ဆိုင်မှုအမျိုးမျိုးဖြင့် ပဋိပက္ခအသွင်သဏ္ဌာန်များစွာဖြစ်ပေါ်လာပြီး စည်းလုံးညီညွတ်မှုကိုပါ အားပျော့လာစေလိမ့်မည်။ အချို့လူ့အဖွဲ့အစည်းများတွင် အယူအဆ အားပြိုင်မှုများ ပြင်းထန်လွန်း၍ စုစည်းနေထိုင်မှုများ၊ ညီညွတ်မှုများပြိုကွဲရေးကို ဦးတည်ဖြစ်ပေါ်ခဲ့ကြပြီး နောက်ဆုံးရလဒ်ကြေကွဲခြင်းအနိဋ္ဌာရုံများသာ ဖြစ်ပေါ်လာခဲ့သည်ကိုလည်း တွေ့ရှိခဲ့နေပြီးဖြစ်သည်။

စည်းလုံးညီညွတ်မှုနှင့်ပတ်သက်၍ မြန်မာသမိုင်းတွင် လေ့လာမှတ်သားစရာများစွာရှိသည်။ အနော်ရထာမင်းသည် လည်းကောင်း၊ ဘုရင့်နောင်သည် လည်းကောင်း၊ အလောင်းမင်းတရားသည်လည်းကောင်း မြန်မာသမိုင်းထဲမှ စည်းလုံးညီညွတ်မှုသင်္ကေတသူရဲကောင်းများဖြစ်ခဲ့ကြသည်။ သီပေါမင်းလက်ထက် လွတ်လပ်ရေးလက်လွတ်ဆုံးရှုံးမှုကိုလည်း စည်းလုံးညီညွတ်မှုမဲ့ခြင်း၏ ဆိုးကျိုးရလဒ်အဖြစ် သမိုင်းသင်ခန်းစာ ရယူနိုင်သည်။ သူ့ကျွန်ဘဝတွင် လွတ်လပ်ရေးပြန်လည်ရရှိရေးအတွက် နှစ်ပေါင်း ၁၀၀ နီးပါး လက်ရုံးရည်၊ နှလုံးရည်တို့ဖြင့် ကြိုးစားအားထုတ်လျက် အသက်ပေါင်းများစွာ ပေးဆပ်ခဲ့ရသည်။ ဗြိတိသျှကိုလိုနီနယ်ချဲ့တို့သည် လွတ်လပ်ရေးကို မဖြစ်မနေပြန်လည်ပေးရတော့မည့်အချိန် ရောက်ရှိချိန်တွင် မြန်မာတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုစွမ်းအားကို စမ်းသပ်ခဲ့လေသည်။

၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် လန်ဒန်တွင် ချုပ်ဆိုခဲ့သော အောင်ဆန်း-အက်တလီစာချုပ်ချုပ်ဆိုပြီး လွတ်လပ်ရေးပေးလုဆဲဆဲမှာပင် နယ်ချဲ့ဗြိတိသျှတို့၏ သွေးခွဲမှုများ ထပ်မံပြုလုပ်ခြင်းကို မြန်မာတိုင်းရင်းသားတို့ခံခဲ့ကြရသည်။ သို့သော် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် မျိုးချစ်တိုင်းရင်းသားခေါင်းဆောင်များ၏ ကြိုးစားအားထုတ်မှုဖြင့် စည်းလုံးညီညွတ်မှုအင်အားကို ပင်လုံ၌ သက်သေပြနိုင်ခဲ့ကြသည်။ လွန်ခဲ့သော (၆၆) နှစ်ကာလက အချိန်၊ ၁၉၄၇ ခုနှစ်သည် မြန်မာနိုင်ငံအတွက် စည်းလုံးညီညွတ်မှု တစ်ကျော့ပြန်ရရှိလာသော နှစ်သစ်၊ ထိုနှစ်၏ ဖေဖော်ဝါရီသည် ညီညွတ်မှုနှင်းစက်များ ထူပိန်းအောင်ကျသော အေးချမ်းလှသည့်လ၊ ထိုလ၏ ၁၂ ရက်နေ့သည်လည်း ၂၀ ရာစု မြန်မာသမိုင်းသစ်တွင် စည်းလုံးညီညွတ်မှု အပေါ်လွင်ဆုံး ဖော်ကျူးနိုင်သော နေ့တစ်နေ့အဖြစ် ရာဇဝင်တွင်ရစ်ခဲ့ပြီဖြစ်သည်။ ရှမ်းပြည်တောင်ပိုင်းမှ ပင်လုံမြို့ငယ်လေးသည် ယနေ့တိုင် မြဲမြံနေသော နေရာဖြစ်သည်။ ထိုပင်လုံမြို့လေးမှ မွေးဖွားခဲ့သော စည်းလုံးညီညွတ်မှုသည်လည်း ယနေ့တိုင် မြဲမြံသောအရာအဖြစ် ခံစားချင်သည်။

ပင်လုံတွင် စည်းလုံးညီညွတ်မှုကို မည်ကဲ့သို့ ရရှိခဲ့ကြပါသနည်း။ ထိုညီညွတ်မှုစွမ်းပကားကို ခေါင်းဆောင်ကြီးများ မည်မျှခေါင်းခဲလောက်အောင် စဉ်းစား၊ ဆွေးနွေးခဲ့ကြပါသနည်း။ စည်းလုံးညီညွတ်မှုရလဒ်ကြီး အကောင်အထည်ပေါ်လာသည့်အခါတွင်လည်း မည်ကဲ့သို့ ခံစားခဲ့ကြသနည်း။ သမိုင်းကို စေ့စေ့စပ်စပ်ဖတ်ရှု၍ လေးလေးနက်နက်တွေးတောကြည့်ပါက ဝမ်းသာပီတိများ မျက်ရည်လည်လောက်အောင်ပင် ဖြစ်ပေါ်လာမိလိမ့်မည်။

ပင်လုံမြို့လေးတွင်ချုပ်ဆိုခဲ့ရသော ပင်လုံစာချုပ်သည် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် လန်ဒန်တွင်ချုပ်ဆိုခဲ့သော အောင်ဆန်း-အက်တလီစာချုပ်ကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်ဖြစ်သည်။ ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို လွတ်လပ်ရေးပြန်လည်ပေးရတော့မည့် အခြေအနေရှိလာသောအခါ ၎င်းတို့၏ အကျိုးစီးပွားအတွက် ဆက်လက်အုပ်ချုပ်အမြတ်ထုတ်လိုသောရည်ရွယ်ချက်ဖြင့် တောင်တန်းဒေသများကို ချန်လှပ်နိုင်ရန် ကြိုးစားခဲ့ကြသည်။ထို့ကြောင့် အောင်ဆန်း-အက်တလီစာချုပ်ထဲတွင် တောင်တန်းဒေသနှင့် ပြည်မတို့ အတူတကွ လွတ်လပ်ရေးရလိုသည့် ဆန္ဒရှိကြောင်းကို သက်သေပြနိုင်ရမည့် အခြေအနေကိုပါ ထည့်သွင်းချုပ်ဆိုလျက် ထိန်းချုပ်ထားသကဲ့သို့ တောင်တန်းဒေသနှင့် မြန်မာပြည်မ မပူးပေါင်းနိုင်ရေးအတွက်ကိုလည်း နည်းလမ်းအမျိုးမျိုးဖြင့် သွေးခွဲမှုများလုပ်ဆောင်ခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း လန်ဒန်တွင် ရောက်ရှိနေချိန်မှာပင်လျှင် မြန်မာနိုင်ငံ တောင်တန်းဒေသများ၌ ဗြိတိသျှတို့ သွေးခွဲမှုများလုပ်ဆောင်နေခဲ့သည်။ အောင်ဆန်း-အက်တလီစာချုပ်ချုပ်ဆိုပြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံသို့ ချက်ချင်းပြန်လည်ရောက်ရှိလာပြီး ပင်လုံသဘောတူညီမှုအတွက် စည်းရုံးလုပ်ဆောင်ခဲ့ရ၏။ ခက်ခဲပင်ပန်းသော ကြိုးစားအားထုတ်မှုများအလွန်တွင် ပင်လုံသဘောတူညီမှုစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ကြသည်။ သို့သော် ဗြိတိသျှတို့သည် လက်မခံနိုင်သေးဘဲ စုံစမ်းရေးကော်မတီတစ်ရပ် ဖွဲ့စည်းကာ တောင်တန်းဒေသများ၏ တိုင်းရင်းသားတို့၏ ဆန္ဒများကို ထပ်မံစုံစမ်းခဲ့ပြန်သည်။ထိုစုံစမ်းရေးကော်မတီမှ အစီရင်ခံစာကိုလက်ခံနိုင်သော အခါမှသာ ပင်လုံစာချုပ်ကို အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။ ဗြိတိသျှတို့အနေဖြင့် မြန်မာတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကို စမ်းသပ်လိုက်သည့် သဘောဖြစ်ခဲ့သည်။ သို့သော် မြန်မာတိုင်းရင်းသားအားလုံး ၎င်းတို့ရရှိထားသော စည်းလုံးညီညွတ်မှုမှာ အစစ်အမှန်ဖြစ်ကြောင်း ပြသနိုင်ခဲ့လေသည်။

စည်းလုံးညီညွတ်မှုကို ပြဆိုသော ပင်လုံစာချုပ်၏ နောက်ဆက်တွဲကောင်းကျိုးရလဒ်မှာ တစ်နှစ်ခန့်အကြာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နှစ်ပေါင်းတစ်ရာနီးပါး လက်လွှတ်ဆုံးရှုံးခဲ့ရသော လွတ်လပ်ရေးကို ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။ ထိုအချိန်အခါက ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ခက်ခက်ခဲခဲကြိုးပမ်းခဲ့ရသည့်၊ တန်ဖိုးကြီးမားလှသည့်အရာသည် ခိုင်မြဲသော စည်းလုံးညီညွတ်မှုဖြစ်ခဲ့သည်။ ထိုသို့ အတိတ်ကာလက ဘိုးဘွားတို့နှလုံးသွေးဖြင့် ရင်းနှီးအားထုတ်ခဲ့သော စည်းလုံးညီညွတ်ခြင်းကို ပစ္စုပ္ပန်ကာလ သားသမီး၊ မြေး၊ မြစ်တို့ကလည်း နှလုံးသွေးဖြင့် ဆက်လက်ထိန်းသိမ်းနိုင်စွမ်းရှိကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်နေမိသည်။

လွန်ခဲ့သောနှစ်ပေါင်း(၆၆)နှစ်က နယ်ချဲ့တို့ မြန်မာနိုင်ငံကို လွတ်လပ်ရေးပြန်လည် ပေးရတော့မည့်အချိန်၌ တောင်တန်းဒေသများကို ၎င်းတို့အကျိုးစီးပွားအတွက် ချန်လှပ်ရန် ကြိုးစားခဲ့ဖူးသည်။ သို့သော် တစ်တိုင်းတစ်ပြည်လုံး ဉမကွဲသိုက်မပျက်ညီညွတ်မှုဖြင့် တစ်တိုင်းတစ်ပြည်လုံး လွတ်လပ်ရေးရရှိအောင် ရယူနိုင်ခဲ့သည်။ ယခုအချိန်သည် အကျိုးစီးပွားအတွက် မြန်မာရေမြေတောတောင်သဘာဝတို့ကို မျက်စိကျနေသော အချိန်လည်းဖြစ်နေသည်။ ထိုသို့သော အခြေအနေများကိုသုံးသပ်လျက် ယခုအချိန်သည်လည်း ရှေးယခင်ကကဲ့သို့ တစ်တိုင်းတစ်ပြည်လုံးဉမကွဲသိုက်မပျက်ညီညွတ်မှုဖြင့် တစ်တိုင်းတစ်ပြည်လုံးအကျိုးစီးပွား အမှန်တကယ် ဖြစ်ထွန်းရေးအတွက် ဆောင်ရွက်ရမည့် အချိန်အခါကောင်းဖြစ်သည်ဟု ဆိုရမည်။ မိမိနိုင်ငံသို့ ဝင်ရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြသော နိုင်ငံများ၊ လုပ်ငန်းများနှင့် အကျိုးတူပူးပေါင်းလုပ်ဆောင်ရင်း မိမိတို့၏ နိုင်ငံအတွင်းတွင် စည်းလုံးညီညွတ်စွာ နေထိုင်နိုင်မှသာ မိမိတို့အကျိုးစီးပွားအတွက် မိမိတို့သဘာဝသယံဇာတများကို ထိထိရောက်ရောက် ရယူအသုံးပြုနိုင်မည်ဟု အကြွင်းမဲ့ယုံကြည်သည်။ ယခုပစ္စုပ္ပန်ကာလတွင် မစည်းလုံး မညီညွတ်ခဲ့သော် အနာဂတ်ကာလတွင် နိုင်ငံစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုမရရှိနိုင်ဘဲ သယံဇာတကုန်ခန်းမှုဖြင့် စီးပွားရေးကျပ်တည်းမှုခရီးကြမ်းကိုသာ ရင်ဆိုင်ကြုံတွေ့ရပေလိမ့်မည်။ နောင်ကာလများတွင် နိုင်ငံအနာဂတ်မျိုးဆက်သစ် မြေး၊ မြစ်၊ တီ၊ တွတ်တို့လည်း ဆင်းရဲနွမ်းပါးမှုများ ဆက်လက်ရင်ဆိုင်ကြုံတွေ့ကာ နိုင်ငံတကာလူမျိုးစုံအလယ် မျက်နှာငယ်ရပေလိမ့်မည်။

အချိန်အခါက အံကိုက်ဖြစ်သည်။ အနာဂတ်ဖွံ့ဖြိုးမှု ခရီးလမ်းအတွက် စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မြဲကျစ်လျစ်စေရန် အာရုံစူးစိုက်လုပ်ဆောင်ရပေတော့မည်။ ငြိမ်းချမ်းရေးလက်များ ချိတ်ဆက်၍ စည်းလုံးညီညွတ်မှုကို စွမ်းအားပြန်လည်ဖြည့်ဆည်းရပေတော့မည်။ အနာဂတ်တွင်ဖြစ်ထွန်းလာကြဦးမည့် အမိမြန်မာနိုင်ငံ၏ မျိုးဆက်သစ် သားသမီး၊ မြေး၊ မြစ်တို့၏ အနာဂတ်ကိုငဲ့လျက် ပစ္စုပ္ပန်ကာလ နိုင်ငံသားတို့အနေဖြင့် စည်းလုံးညီညွတ်မှုမလျော့ပါးရေး၊ မပျက်စီးရေးအတွက် အမြဲမပြတ်သတိကပ်နေသင့်သည်။

ဤသို့ အသိကပ်၊ သတိချပ်ရင်း ဖတ်ရှုခဲ့ရဖူးသော ဓမ္မစာပေဆောင်းပါးတစ်ပုဒ်မှ စည်းလုံးညီညွတ်ရေးအတွက် အတုယူလိုက်နာထိုက်သော စာသားအချို့ ပြန်လည်သတိရမိသည်။

- မျက်စိရှေ့၌ဖြစ်စေ၊ မျက်ကွယ်၌ပင်ဖြစ်စေ ကံသုံးပါးစလုံးဖြင့် အချင်းချင်း မေတ္တာထားနိုင်အောင် ကြိုးစားဖို့လိုသည်၊
- ဖြစ်ထွန်းလာသော အကျိုးစီးပွားကို မျှဝေခံစားတတ်ဖို့လိုသည်၊
- အကျင့်သီလတူညီအောင်အားထုတ်ဖို့လိုသည်၊
- ကွဲပြားခြားနားသောသဘောထား၊ အယူအဆ၊ အမြင်၊ ရှုထောင့်များအပေါ်တွင် မျှတအောင် သိမြင်တတ်ရန် လိုသည်ဟူ၍ ဖြစ်ပါသတည်း။ ။

၂၀၁၄ ခုနှစ် (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဉမကွဲ သိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၃) ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး။

(၄) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ပြည်သူအားလုံး လက်တွဲပူးပေါင်းတည်ဆောက်ရေး။

ပြည်ထောင်စုလပြည့်ဝန်း

▶ ပြည်ထောင်စုလ၊ ရွှန်းမြမြတည့်
သာစွတည်နေ၊ အာကာဗွေဝယ်
ငွေကြယ်ပြည့်လျှံ၊ ခြွေသင်းရံလျက်
ဝေယံမြင့်မှာ၊ လင်းရောင်ဖြာသည်
သူ့တာသူ့ဝန်ကျေပွန်စွ . . .။

▶ ပြည်ထောင်စုလ၊ ဝင်းဝင်းပတည့်
ဝေမျှမေတ္တာ၊ ဖြန့်ကြက်ကာဖြင့်
ကမ္ဘာသူသား၊ လူအများတွက်
ဆပွားမြဲစဉ်၊ မခွဲကြင်သည်
ငြိုငြင်စိတ်ထားကင်းလေစွ . . .။

▶ ပြည်ထောင်စုလ၊ သာသောညတွင်
လောကတစ်ဝန်း၊ အပြုံးပန်းနှင့်
ထုံးတမ်းစဉ်လာ၊ မပျက်စွာတည့်
ဘာသာဓလေ့၊ ရွှင်ပျော်မွေ့လျက်
ချမ်းမြေ့ဘဝင်၊ စိတ်အစဉ်သည်
ကြည်လင်ဝမ်းမြောက်မြူးထူးစွ . . .။

▶ ပြည်ထောင်စုလ၊ ဝိုင်းစက်လှ၍
အေးမြသန့်စင်၊ မြူမတင်ဘဲ
ယှဉ်သိမ်းကျုံး၊ ချီအပြုံးနှင့်
နှလုံးသည်းပွတ်၊ ခေါင်တမွတ်တည့်
ထွတ်မြတ်ညင်သာ၊ သိမ်မွေ့ပါသည်
ရွှေကြာရေမှာတင့်ပေစွ . . .။

▶ ပြည်ထောင်စုလ၊ လပြည့်ညတွင်
မြန်မာ့တိုင်းပြည်၊ ဝပြောစည်သား
ရောင်ခြည်ယှက်ဖြာ၊ မြကမ္ဘာဝယ်
ညီညာခင်းကျင်း၊ ရွှေဖော်တစ်သင်းတို့
ချစ်ခြင်းအားပြု၊ ပြည်ထောင်စုအား
ယခုလည်း ကောင်း၊ နောင်လည်း ကောင်းရန်
ကျိုးကြောင်းမျှော်ထောက်၊ တို့စောင့်ရှောက်မည်
မဖောက်မပြန် တည်ဖို့ပေ
တစ်ယောက်မကျန် ညီစို့လေ။

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့သို့

အဖျောက်မြေ မောင်ဆွေမွန်

တိုင်းရင်းသားညီအစ်ကိုများ စုပေါင်းဖွဲ့စည်းထားသည့်နိုင်ငံဖြစ်သည်နှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် အခြေခံအုတ်မြစ်ဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ပြည်သူဗဟိုပြုဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ရောက်ရှိနေသော သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ယမန်နေ့ နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။**(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဒေါက်တာဖေသက်ခင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦး၊ ဦးအုန်းသန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များနှင့် ရပ်မိရပ်ဖဒေသခံပြည်သူများ တက်ရောက်သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ဒေသဖွံ့ဖြိုးရေးခရီးစဉ်လာရောက်သည့် လမ်းခရီးတစ်လျှောက် လမ်းပန်းဆက်သွယ်ရေးနှင့် ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့မြင်ခဲ့ရပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားညီအစ်ကိုများ စုပေါင်းဖွဲ့စည်းထားသည့်နိုင်ငံဖြစ်သည်နှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများသည် တိုင်းပြည်၏ တာဝန်ဝတ္တရားများကို ခွဲဝေတာဝန်ထမ်းဆောင်လျက်ရှိကြရာ လူမှုစီးပွားကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်ကို မြင်တွေ့နေရပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးအရှိန်အဟုန်များကို ရေတိုရေရှည်စီမံကိန်းများချမှတ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကပြုပြင်ပြောင်းလဲမှုများကိုလည်း အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ စီမံကိန်းများနှင့်ပတ်သက်သည့် လုပ်ငန်းလိုအပ်ချက်များအား နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်လျက်ရှိရာ ရင်းနှီးမြှုပ်နှံမှုများကိုလည်း ပိုမိုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟခြင်းမရှိစေရေး ဆောင်ရွက်ရာတွင် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များကို ချမှတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးစနစ် ပြောင်းလဲကျင့်သုံးလာသည်နှင့်အမျှ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရန် အခြေခံကျကျ အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းဆောင်ရွက်ကြမှသာ လုပ်ငန်းအကျိုးသက်ရောက်မှုများ ပိုမိုဖြစ်ထွန်းအောင်မြင်လာမည် ဖြစ်ကြောင်း။

ရပ်ကွက်/ကျေးရွာ၊ မြို့နယ် ဖွံ့ဖြိုးတိုးတက်မှုကော်မတီများသည် အမည်ခံ မည်ကာမတ္တမဟုတ်ဘဲ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဒေသနေပြည်သူများ၏ လိုအပ်ချက်ဆန္ဒသဘောထားများကို ကိုယ်ချင်းစာစိတ်ဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုများ ရရှိလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ရာ ပြည်သူအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုများအား ရှင်းလင်းဆွေးနွေးတင်ပြပြီး ပင်းတယမြို့နယ်၊ ရွာငံမြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌများက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ပေးအပ်သည့် ထောက်ပံ့ပစ္စည်းများနှင့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများအား ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် တာဝန်ရှိသူများက ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက မိမိတို့သည် နိုင်ငံအတွင်း၌ နေရာဒေသအမည်နာမများ ကွဲပြားနေသော်လည်း တစ်မြေတည်းနေ တစ်ရေတည်းသောက် တစ်ဆက်တစ်စပ်တည်းရှိသည့် သွေးချင်းသားချင်း ညီအစ်ကိုမောင်နှမများပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် အခြေခံအရင်းအမြစ်ကောင်းများ ပေါများကြွယ်ဝသည်နှင့်အညီ မိမိတို့တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်စွာဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ကြမည်ဆိုပါက လူမှုစီးပွားဘဝများ ဖွံ့ဖြိုးစည်ပင်သည့် ဒေသများအဖြစ် လျင်မြန်စွာ ပိုမိုဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် နိုင်ငံ့စီးပွား ပိုမိုဖြစ်ထွန်းအောင်မြင်ရေးတို့သည် မိမိတို့နိုင်ငံသားအားလုံး၏ ဘုံရည်မှန်းချက်၊ ရည်ရွယ်ချက်များပင်ဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှု၏ အနှစ်သာရ အသီးအပွင့် ဖွံ့ဖြိုးတိုးတက်မှုများကို လက်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း၊ ယခုဒေသခံပြည်သူတို့၏ လိုလားတင်ပြချက်များအား ပြည်ထောင်စုအစိုးရ ပြည်နယ်အစိုးရနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ဦးစားပေးကဏ္ဍများအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း မြို့ပြနှင့် ကျေးလက်ကွာဟမှု နည်းပါးပြီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာနိုင်စေရန် အခွန်အခများကို အသိတရားရှိရှိပေးဆောင်ကြပြီး ကောက်ခံရန် တာဝန်ရှိသူများကလည်း စနစ်တကျ မှန်ကန်စွာ ကောက်ခံခြင်းဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြပါဟု ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၂၅)ခုတင်ဆံ့ ပင်းတယပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသည့် လူနာများအား ထောက်ပံ့ငွေများပေးအပ်ပြီး ခုတင် (၅၀) ဆံ့ ဆေးရုံသစ်တည်ဆောက်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသင်တန်းကျောင်း (ပင်းတယ) တည်ဆောက်ရေးစီမံကိန်းသို့လည်းကောင်း၊ ရွာငံမြို့ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံနှင့် ရွာငံမြို့နယ် မြို့ကြီး (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်တည်ဆောက်ရေးစီမံကိန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

Civil Service Training ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ ဂျာမနီနိုင်ငံ Konrad Adenauer Stiftung (KAS) ၏ ပံ့ပိုးကူညီမှုဖြင့် Civil Service Training (ပြည်သူ့ဝန်ထမ်းသင်တန်း) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနများမှ အရာထမ်း ၅၇ ဦး တက်ရောက်ကြပြီး သင်တန်းကို ဖေဖော်ဝါရီ ၁၁ ရက်အထိလည်းကောင်း၊ နေပြည်တော်၌ ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၄ ရက်အထိလည်းကောင်း ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် စင်ကာပူနိုင်ငံ Civil Service College မှ Professor of Southeast Asian Politics, Dr. Narayanan Ganesar က ပြည်သူ့ဝန်ထမ်းများအား ASEAN အသင်းကြီး၏ ရည်ရွယ်ချက်၊ စတင်ဖွဲ့စည်းခဲ့ပုံ၊ ခေတ်နှင့်အလိုက် ပြောင်းလဲဖြစ်ပေါ်ခဲ့သော အပြောင်းအလဲများနှင့် လက်ရှိနိုင်ငံရေး အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်မြို့ Myanmar Development Partners, Wyeth Nutritionals Singapore and Trainer, Senior Hygiene Engineer မစိမ့်ရည်ထက်က နိုင်ငံတော်၏ နိုင်ငံရေးပြောင်းလဲမှုကာလတစ်လျှောက်တွင် ပြည်သူ့ဝန်ထမ်းတစ်ဦးချင်းစီ၏ ထိရောက်သော ခေါင်းဆောင်မှု အရေးပါပုံများကိုလည်းကောင်း ပို့ချသွားမည်ဖြစ်သည်။

Civil Service Training များကို ၂၀၁၃ ခုနှစ်မှစ၍ နေပြည်တော်နှင့် ရန်ကုန်မြို့တို့၌ ပြည်သူ့ဝန်ထမ်းများ၏ Public Policy, Public Administration, Public Relations, International Relations စသည့် ပညာရပ်များ၊ ထိရောက်သော ခေါင်းဆောင်မှုပညာတို့အပြင် နိုင်ငံတွင်းနှင့် ဒေသတွင်းရှိ နိုင်ငံရေး၊ ဥပဒေရေးရာအခြေအနေများကို သင်ကြားပို့ချပေးရန် ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများကို ဗိသုကာပုံစံနှင့်အညီ ဆောင်ရွက်လိုပါသည်-

စဉ် အဆောက်အအုံအတိုင်းအတာ

(က) အလျားပေ၁၂၀×အနံပေ၈၀ရှိ Stage စင် ပါဝင်သော ပင်မခန်းမအဆောက်အအုံ၊ ပေ(၂၅×၂၀)ရှိ Portico(၁)ခု၊ ပေ(၂၀×၆၀)ရှိ ကျား/မသန့်စင်ခန်း တွဲလျက်ပါရှိသော ပေ(၃၀×၂၀)ရှိ အစည်းအဝေးခန်းငယ်(၂)ခု၊ ပေ(၂၀×၁၂)စီရှိသော ကျား/မ W.C(၂)ခုနှင့် Pantry Room၊ (၈)ပေအကျယ်ရှိ လူသွားစင်္ကြံ ပတ်လည်အပါအဝင် ခန်းမတစ်ခုတည်ဆောက်ခြင်းလုပ်ငန်း။ (အတွင်း/အပြင် ရေသန့်နှင့်လျှပ်စစ်လုပ်ငန်းများ၊ မြေပြုပြင်ခြင်းနှင့်အဆောက်အအုံ ပတ်လည်ရေမြောင်းများ ပါဝင်သည်။(ရုံးအမှတ်-၅၅၊ ခြံဝင်းအတွင်း၊ နေပြည်တော်)

(ခ) ပေ(၃၀×၂၀×၁၅) (Steel Structure)ပစ္စည်းသိုလှောင်ရုံ(၂)လုံး တည်ဆောက်ခြင်း။ (အတွင်းလျှပ်စစ်လုပ်ငန်း၊ ပြင်ပလျှပ်စစ်လုပ်ငန်းနှင့် အဆောက်အအုံပတ်လည် ရေမြောင်းပါဝင်သည်။ (ရုံးအမှတ်-၅၅၊နေပြည်တော်)

(ဂ) ဂိတ်အမှတ်(၂)မှ ရဲဘားတိုက်သို့ သွားသောလမ်းအား (ပေ၅၅၀×၁၅ပေ×၈လက်မ)၊ ကွန်ကရစ်လမ်း ပိုင်းခင်းခြင်း။ (ရုံးအမှတ်-၅၅၊ နေပြည်တော်)

(ဃ) ရန်ကုန်ဘဏ်ခွဲ၊ (၅)မိုင်ခွဲ ဘဏ်ရိပ်သာတွင် (၂)ထပ်အဆောက်အအုံ၏ အပေါ်ထပ် ပေ(၂၀×၇၂)၊ ဝန်ထမ်းအိမ်ရာ(၆)ခန်းတွဲ၊ ဝရံတာနှင့်သစ်သား လှေကားမွမ်းမံခြင်း၊ အောက်ထပ်ရှိ ပေ(၂၀×၇၂)၊ ကားဂိုဒေါင်(၆)ခန်း၏ နံရံများနှင့်တံခါးများ မွမ်းမံခြင်းလုပ်ငန်း။ ((၅)မိုင်ခွဲ ဘဏ်ရိပ်သာ၊ ရန်ကုန်)

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၁၃-၂-၂၀၁၄ရက်မှ ၁၈-၂-၂၀၁၄ရက်အထိ နေ့စဉ် နံနက်၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ ရုံးဖွင့်ရက်များအတွင်း ရုံးအမှတ်(၅၅)၊ စီမံခန့်ခွဲမှုနှင့်နည်းပညာဌာန၊ မြို့ပြအင်ဂျင်နီယာဌာနစိတ်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၂-၂၀၁၄ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ရုံးအမှတ်(၅၅)၊ စီမံခန့်ခွဲမှုနှင့်နည်းပညာဌာနတွင် တင်ဒါခေါ်ယူစစ်ဆေးရေးအဖွဲ့ ရှေ့မှောက်တွင် တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ တင်ဒါစည်းကမ်းချက်များ အသေးစိတ်ကို အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ဖော်ပြထားရှိပေးမည်ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရုံးအမှတ်(၅၅)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၈၂၄၃ သို့ ရုံးချိန်အတွင်း စုံစမ်းထုတ်ယူနိုင်ပါသည်။



ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၇က/၇၃၇၅၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

ဂုဏ်ပြုပွဲဖိတ်ကြားလွှာ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင်အားကစားသမားများအား ဧည့်ခံကျွေးမွေးရေးနှင့် အိပ်ခန်းဆောင် ထိန်းသိမ်းရေးလုပ်ငန်းများအား မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံချစ်စိတ်ဖြင့် အားကြိုးမာန်တက် ကျရာတာဝန်များတွင် ပါဝင်ဆောင်ရွက်ပေးပါသော အသင်းဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအသင်းခွဲများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ ဝန်ထမ်းများနှင့် Volunteersများ၊ လိုအပ်သည်များ ပံ့ပိုးကူညီပေးပါသော (Sponsors) ကုမ္ပဏီ/အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုလက်မှတ် ချီးမြှင့်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် မပျက်မကွက် တက်ရောက်ပေးကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

- Date : 14th February 2014(Friday)
- Time : 6:00pm Onwards
- Venue : Sedona Hotel,Pool Side
- RSVP : ၀၉-၂၅၀၀၈၇၅၃၆၊ ၀၉-၄၃၁၈၃၆၉၇၊ ၀၉-၇၃၁၉၂၂၀၀

မှတ်ချက်။ ။ မိနစ်(၃၀) ကြိုတင်ရောက်ရှိ နေရာယူပေးပါရန်။

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း(ဗဟို)

ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာမီးလင်းရေးဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက ရွာလယ်လမ်းမ ထရန်စဖော်မာအနီး၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး တက်ရောက်ခဲ့သည်။

မီးလင်းရေးဖွင့်ပွဲကို ရွာသစ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးမြင့်ဆွေ၊ ကျေးရွာအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌဦးထွေးနှင့် မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးလှဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး နေပြည်တော်ကောင်စီဝင် ပုဗ္ဗသီရိမြို့နယ် တာဝန်ခံဦးသန်းဌေးက စက်ခလုတ်နှိပ်၍ လျှပ်စစ်ခာတ်အားလိုင်းကို ထုတ်လွှတ်ပေးခဲ့ပြီး ကျေးရွာအတွင်း လျှပ်စစ်မီးတပ်ဆင်သုံးစွဲသည့် နေအိမ်များကို လှည့်လည်ကြည့်ရှု၍ လျှပ်စစ်မီးကို စနစ်တကျသုံးစွဲရန် မှာကြားခဲ့သည်။ ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဆက်လက်ကျင်းပရာ မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးလှဝင်းက လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး ကျေးရွာအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးထွေးက ကျေးဇူးတင်စကားပြောကြားကာ နေပြည်တော်ကောင်စီဝင် ပုဗ္ဗသီရိမြို့နယ် တာဝန်ခံ ဦးသန်းဌေးက မီးလင်းရေးနှင့်ပတ်သက်၍ ပုဗ္ဗသီရိမြို့နယ်အတွင်း ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

ယနေ့ဖွင့်လှစ်ခဲ့သော ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာ မီးလင်းမှုရရှိရေးအတွက် နိုင်ငံတော်သမ္မတ၏ စီမံဆောင်ရွက်မှုဖြင့် 300 KV ထရန်ဖော်မာတစ်လုံးရရှိပြီး ကျေးရွာနေ ဒေသခံအလှူရှင်များ၏ အလှူငွေများဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ရွာသစ်ကျေးရွာရှိ အိမ်ခြေ ၃၅၀ အနက် ပထမအဆင့်ဖြင့် အိမ်ခြေ ၁၆၆ အိမ် လျှပ်စစ်မီးသွယ်တန်းမှုပြီးစီးခဲ့ပြီး ဆက်လက်၍ ကျန်ရှိနေအိမ်များကိုလည်း လျှပ်စစ်မီးသွယ်တန်းသွားမည်ဖြစ်ကြောင်း မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးလှဝင်းထံမှ သိရသည်။

ကိုကိုရှူပ(နေပြည်တော်)

တောင်သူလယ်သမား(လယ်ယာကဏ္ဍ) တေးသီချင်းပြိုင်ပွဲအတွက် ဆုရရှိသော တေးသီချင်းများကြေညာ

တောင်သူလယ်သမားကဏ္ဍ ရုပ်သံလိုင်းအတွက် တေးသီချင်းများကို အောက်တိုဘာလတွင် နေ့စဉ်ထုတ်သတင်းစာမှ ပြိုင်ပွဲခေါ်ယူ၍ ပြိုင်ပွဲဝင်စေခဲ့ရာ တေးသီချင်း ၂၆၁ပုဒ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အဆိုပါ တေးသီချင်းများအား စိစစ်ရွေးချယ်ရာ ဆုရရှိထားသော တေးသီချင်း ၁၀ပုဒ် မှာ အောက်ပါအတိုင်းဖြစ်သည်-

စဉ်	သီချင်းအမည်	ရေးစပ်သူ	ဆု
(က)	လယ်ယာတောင်သူရွှေတစ်ခေတ်	ဒီနေ့ပုဏ္ဏက	ပထမဆု
(ခ)	တို့ခေတ်ရောက်ပြီ	စွမ်း	ဒုတိယဆု
(ဂ)	နိုင်ငံစွမ်းအားလယ်သမား	ကိုဂွန်	တတိယဆု
(ဃ)	ခေတ်မီတောင်သူမော်ဒန်လယ်သမား	စနိုး(SNO)	နှစ်သိမ့်ဆု
(င)	စက်မှုလယ်ယာပြည်ရွာဖွံ့ဖြိုး	ချယ်ရီဆွေ	။
(စ)	လယ်သမားတစ်ခေတ်ဆန်းသစ်လာပြီ	သူရ(ရဲတီးဝိုင်း)	။
(ဆ)	လယ်ယာမြေသစ်ရွှေတစ်ခေတ်	ဂီတဖေဝင်း	။
(ဇ)	လယ်တောမြေသီးနှံဝေ	မောင်မောင်လွင်	။
(ဈ)	ကောက်ပင်ပျိုတရေးနိုး	အဲမွန်တာရာ	။
(ည)	တောင်သူလယ်သမား ကမ္ဘည်းမော်ကွန်း	မင်းဇော်	။

ဆုရရှိသောတေးသီချင်း ၁၀ ပုဒ်ကို ၂၀၁၄ ခုနှစ် မတ်လ ၂ ရက်နေ့ (တောင်သူလယ်သမားနေ့)တွင် အခမ်းအနားဖြင့် နေပြည်တော်၌ ဆုပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး ရုပ်မြင်သံကြားရိုက်ကူးရန်လည်းရှိပါသဖြင့် ကြိုတင်ပြင်ဆင်ထားပါရန်နှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးသို့ ဆက်သွယ်ရန်ဖြစ်သည်။

ဆုချီးမြှင့်မည့်စာရင်းတွင် မပါဝင်သော်လည်း တောင်သူလယ်သမား ကဏ္ဍရုပ်သံလိုင်းတွင် ထုတ်လွှင့်ရန်အတွက် တေးသီချင်း ၁၂၈ ပုဒ်ကို ရွေးချယ်ထားပြီး ပြိုင်ပွဲဝင်များအနေဖြင့် သိရှိလိုပါက မြန်မာနိုင်ငံဂီတအစည်းအရုံးသို့ ဆက်သွယ်မေးမြန်းစုံစမ်းရန် ကြေညာအပ်ပါသည်။

တေးသီချင်းစိစစ်ရွေးချယ်ရေးအဖွဲ့

မထသမှ ယာဉ်လိုင်းများအား ယာဉ်စီးခပိုမိုကောက်ခံမှုကို တရားဝင်ခွင့်ပြုထားခြင်းမရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

လိုင်းကားစီးနင်းသည့် ခရီးသွားပြည်သူများသည် ယာဉ်စီးခ ပိုမိုတောင်းခံနေသည့် ပြဿနာများကို နေ့စဉ်ကြုံတွေ့နေရပြီး ယင်းသို့ ယာဉ်လိုင်းများအား ယာဉ်စီးခပိုမိုကောက်ခံမှုကို တရားဝင်ခွင့်ပြုထားခြင်းမရှိကြောင်း မထသ(ဗဟို)အစည်းအဝေးတွင် ဥက္ကဋ္ဌဦးလှအောင်က ပြောကြားသည်။

"အခုယာဉ်လိုင်းတွေမှာ ယာဉ်စီးခ ပိုမိုတောင်းခံတဲ့ပြဿနာတွေ ဖြစ်နေတာသိပါတယ်။ မထသ(ဗဟို)ကနေ တရားဝင်ခွင့်ပြုထားခြင်း မရှိပါဘူး။ သတ်မှတ်ထားတဲ့အတိုင်း ၅၀၊ ၁၀၀၊ ၁၅၀၊ ၂၀၀ အထူးကားကလွဲပြီး ကျန်တဲ့လိုင်းတွေကို အရင်ယာဉ်စီးခအတိုင်းပဲရှိပါတယ်"ဟု ၎င်းက ပြောသည်။

"အခုနောက်ပိုင်းကျပ် ၅၀ ကားဆိုတာ မရှိသလောက်ဖြစ်နေပါပြီ။ ယာဉ်လိုင်းတော်တော်များများက ကားခကို သတ်မှတ်ထားတာထက် ပိုတောင်းနေတယ်။ တချို့ကားတွေဆိုရင် ၁၀၀ တန်တဲ့ လမ်းကြောင်းကို ကျပ် ၂၀၀ အထိ တောင် တိုးတောင်းကြတယ်။ အဲဒီလိုပိုတောင်းတဲ့ ယာဉ်လိုင်းတွေမှာ ဒိုင်နာယာဉ်လိုင်းနဲ့ ဘီအမ်ယာဉ်လိုင်းတွေက အဆိုးဆုံးဖြစ်နေတယ်"ဟု တောင်ဥက္ကလာမှ ရန်ကင်းသို့ နေ့စဉ်ရုံးတက်၊ ရုံးဆင်းပြုလုပ်နေသည့် ကုမ္ပဏီဝန်ထမ်းတစ်ဦးကပြောသည်။

ခရီးသွား ပြည်သူများအနေဖြင့် ယာဉ်စီးခ ပိုမိုတောင်းခံခြင်းကို ထိရောက်စွာ ကိုင်တွယ်ရန်လိုလားလျက်ရှိပြီး ယင်းပြဿနာကို ဖြေရှင်းနိုင်ရန် မထသမှ လက်မှတ်စနစ် ပြန်လည်ကျင့်သုံးနိုင်ရန် လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ **ကေသိန်းဆွေ**

ပြည်ထောင်စုနေ့ကို ဂုဏ်ပြု၊ သီပေါ၌ မီးပွိုင့်ဖွင့်ပွဲကျင်းပ

သီပေါ ဖေဖော်ဝါရီ ၁၁

(၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ယာဉ်စည်းကမ်း လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြို့အင်္ဂါရပ်နှင့် ညီညွတ်မှုရှိစေရန် မီးပွိုင့်တပ်ဆင်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက မိုင်းပွန်လမ်းနှင့် လမ်းမတော်လမ်းထောင့်ဆုံရာ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ယာဉ်စည်းကမ်း လမ်းစည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေက မီးပွိုင့်တပ်ဆင်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မင်္ဂလာအချိန်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးရဲထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေနှင့် မြို့မိမြို့ဖ ဦးအောင်ခင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ မြို့ပေါ် (၁၁) ရပ်ကွက်နှင့် မြို့နယ်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

စိုင်း(သီပေါ)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ဆဋ္ဌမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ဆဋ္ဌမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို (၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၉ ရက်မှ တပေါင်းလပြည့်နေ့အထိ) မတ် ၉ ရက်မှ မတ် ၁၅ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပြီး မတ် ၇ရက်မှ မတ် ၁၁ ရက်အထိ ပွဲတော်အကြို အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ မတ် ၁၄ ရက် (တပေါင်းလဆန်း ၁၄ရက်) ညနေပိုင်းတွင် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ နဝမအကြိမ် ဩဝါဒခံယူပွဲကျင်းပခြင်း၊ မတ် ၁၅ ရက် (တပေါင်းလပြည့်နေ့)နံနက်ပိုင်းတွင် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရွှေကြာသင်္ကန်းတော် ကပ်လှူ၍ ဆွမ်းတော်ကြီးတင်လှူပြီးနောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲသို့ ကြွရောက်တော်မူလာသော ဆရာတော်၊ သံဃာတော် ၁၈၃ ပါးတို့အား ပင့်ဆောင်၍ ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပခြင်း၊ မတ် ၁၅ ရက်(တပေါင်းလပြည့်နေ့) ညနေပိုင်းတွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်း၊ မတ် ၉ ရက်မှ မတ် ၁၅ ရက်အထိ ပွဲတော်ကွင်း၌ ပျော်ပွဲရွှင်ပွဲများကျင်းပခြင်းတို့ဆောင်ရွက်မည်ဖြစ်သည်။

ပျော်ပွဲရွှင်ပွဲများအနေဖြင့် မတ် ၉ ရက်မှ မတ် ၁၁ ရက်အထိ စွမ်းဇာနည်ဇာတ်သဘင်အဖွဲ့၊ မတ် ၁၂ ရက်မှ မတ် ၁၅ ရက်အထိ ဟန်ဇာမိုးဝင်းဇာတ်သဘင်အဖွဲ့တို့ဖြင့် အခမဲ့ဖျော်ဖြေသွားမည်ဖြစ်ပြီး ပွဲတော်ငယ်များအနေဖြင့် ဟက်ပီးဝေါလ်ကလေးကစားကွင်း၊ 5D ရုပ်ရှင်ရုံငယ်၊ သရဲအိမ်၊ ပင်လယ်ဓားပြလှေကြီးနှင့် ချားရဟတ် စသည်များလည်း ပါဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်ပင်ကြီးစုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ပညာရည်ချွန်ဆုပေးအပ်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ပညာရည် တိုးတက်မြင့်မားစေရန် ရည်ရွယ်ကျင်းပသည့် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ် (၁၅၉) အခြေခံပညာ မူလတန်းလွန်ကျောင်း (ညောင်ပင်ကြီးစု) ၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ညောင်ပင်ကြီးစုကျေးရွာမူလတန်းလွန်ကျောင်း မဏ္ဍပ်၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းအား မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် သီဆိုဖွင့်လှစ်သည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ပညာရေးမှူးကျောင်းအုပ်စုမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်လှဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် သူငယ်တန်းမှ သတ္တမတန်းထိ အတန်းလိုက် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထရရှိသည့် ကျောင်းသား ကျောင်းသူများနှင့်မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး**(အပေါ်ပုံ)**ကျောင်းသား ကျောင်းသူများက အနုပညာစွမ်းရည်များဖြင့် ကပြဖျော်ဖြေသည်။

ညောင်ပင်ကြီးစုကျေးရွာ မူလတန်းလွန်ကျောင်းတွင် ကျောင်းသား ကျောင်းသူ ၂၄၃ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပြီး အလျား ပေ ၆၀၊ အနံ ၂၄ ပေ၊ အမြင့် ၁၅ ပေရှိ ကျောင်းဆောင်သစ်ကိုလည်း ထပ်မံတည်ဆောက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မိသားစုလိုအပ်ချက်များအားလုံးကို ဖြည့်ဆည်းပေးသွားမည့် ဒေးဗစ်ဘက်ခမ်း

ဝါရင့်ဘောလုံးအားကစားသမားဟောင်း ဒေးဗစ်ဘက်ခမ်းနှင့် မိသားစုသည် လော့စ်အိန်ဂျလိစ်မှ ၎င်းတို့၏ ဇာတိအင်္ဂလန်သို့ မိသားစုလိုက်ပြောင်းရွှေ့ခဲ့ကြပြီး ယင်းမြို့တွင် မိသားစုလိုအပ်ချက်များကို ဖြည့်ဆည်းရင်း အားကစားကလပ်သစ်ကို ကိုင်တွယ်သွားမည် ဖြစ်ကြောင်း ထုတ်ဖော်ခဲ့သည်။

ထို့အပြင် ဘက်ခမ်းသည် လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းကမှ အားကစားကလပ်အသင်းတစ်ခု၏ ပိုင်ရှင်ဖြစ်လာခဲ့ပြီး ယင်းအားကစားကလပ်တွင် ၎င်း၏အားကစားပညာရပ်များအား အစွမ်းကုန်မျှဝေပေးသွားမည်ဖြစ်ကြောင်းလည်း ဝန်ခံခဲ့သည်။

လက်ရှိတွင် ဘက်ခမ်းသည် အားကစားလောကမှ အနားယူထားခဲ့ပြီး ဇနီးဖြစ်သူအတွက် ထူးခြားသည့် ခဲခြစ်ပန်းချီကားတစ်ချပ် ဖန်တီးပေးရန် ဆန္ဒပြင်းပြလျက်ရှိကြောင်း၊ မိသားစုနှင့် အတူနေထိုင်ကာ အားကစားကလပ်အသစ်ကို ကိုင်တွယ်လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်းနှင့် ယင်းအတွက် ထောက်ပံ့မှုများပေးရန် စိတ်အားထက်သန်လျက်ရှိပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဘက်ခမ်းသည် ဇနီးဖြစ်သူနာမည်ကျော် ဖက်ရှင်ဒီဇိုင်နာ ဗစ်တိုးရီးယားဘက်ခမ်းအတွက် ပန်းချီကားလက်ဆောင်များ ပေးခဲ့ဖူးပါသော်လည်း ယခုအခါ ခေတ်ပေါ် ခဲခြစ်ပန်းချီပညာကိုအသုံးပြုထားသည့် ထူးခြားသော ပန်းချီကားတစ်မျိုးကို ပေးလိုခြင်းဖြစ်ကြောင်း ဗြိတိန်သတင်းစာတစ်စောင်သို့ ဖွင့်ဟခဲ့ခြင်းဖြစ်သည်။

Gravity ဇာတ်ကားမှ ထူးခြားသည့် အမှတ်ရစရာများဖြစ်စေခဲ့သူ ဆန်ဒရာဘူးလော့ခ်

မျိုးစန္ဒာမောင်
စုစည်းသည်

ဟောလိဝုဒ်မင်းသမီး ဆန်ဒရာဘူးလော့ခ်က ၂၀၁၃ ခုနှစ်က ထွက်ရှိခဲ့သည့် Gravity သိပ္ပံဇာတ်ကားတွင် ဗြိတိန်ရုပ်ရှင်အဖွဲ့နှင့်အတူ ရိုက်ကူးခဲ့ရသည့်အတွေ့အကြုံများသည် ၎င်းဘဝတစ်လျှောက်တွင် ထူးခြားသည့်အမှတ်ရစရာများဖြစ်စေခဲ့ပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

"ဒီဇာတ်ကားဟာ ကျွန်မရုပ်ရှင်ရိုက်ဖူးသမျှအတွေ့အကြုံထဲမှာ အကောင်းဆုံးအတွေ့အကြုံတွေရလိုက်တဲ့ ဇာတ်ကားတစ်ကားပါ၊ လေးလလောက် အလှဆုံးလို့ ခေါ်ဆိုထိုက်တဲ့နေရာတွေကို ရောက်ရှိခဲ့ပါတယ်၊ ကြင်နာတတ်တဲ့ လူတွေနဲ့ဆက်ဆံခဲ့ရပါတယ်၊ ဒါဟာ ကျွန်မဘဝအတွက် ဘယ်တော့မှမမေ့မှာ မဟုတ်ပါဘူး"ဟု မင်းသမီး ဆန်ဒရာက ဆိုခဲ့သည်။

မင်းသမီး ဆန်ဒရာသည် အော်စကာဆုရ မက္ကဆီကိုဒါရိုက်တာ Alfonso Cuarón က ရိုက်ကူး ပုံဖော်ပေးထားသည့် အဆိုပါ Gravity ဇာတ်ကားတွင် ဝါရင့်ဟောလိဝုဒ်မင်းသားကြီး George Clooney နှင့်အတူ ပါဝင်သရုပ်ဆောင်ခဲ့သည်။ ထို့အပြင် ယင်းဇာတ်ကားသည် မကြာမီ ချီးမြှင့်မည့် အော်စကာဆုပေးပွဲအတွက် အကောင်းဆုံးဇာတ်ကားဆု၊ အကောင်းဆုံးဒါရိုက်တာဆု၊ အကောင်းဆုံးမင်းသမီးဆု အပါအဝင် ဆန်ခါတင် ၁၀ ဆု ရွေးချယ်ခြင်း ခံထားရပြီး Critics Choice Awards ခုနစ်ဆု၊ ရွှေကမ္ဘာလုံးဆုပေးပွဲတွင်လည်း အကောင်းဆုံးဒါရိုက်တာဆု ချီးမြှင့်ခြင်းခံခဲ့ရသည့်ဇာတ်ကားတစ်ကားလည်း ဖြစ်သည်။

RUBY

FOREIGN COMPANY COMING TO MYANMAR
In The Telecommunication field
IS LOOKING FOR:

1. CIVIL ENGINEERS
2. CIVIL WORKS CONTRACTORS
3. SITE SUPERVISORS(construction, electrical and tower erection)
4. RIGGERS(experience in working at Heights)

KNOWLEDGE of ENGLISH REQUIRED

Zaw Min 09450063496
zaw.min@mer-group.com
david_ke@mer-group.com

ပလင်းတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ချင်းယူနိုက်တက်အက်ဖ်စီအား Ooredoo ကုမ္ပဏီ အသင်းအကျီရင်ဘတ်တံဆိပ်စပွန်ဆာပေးအပ်

တီးတိန် ဖေဖော်ဝါရီ ၁၁

ချင်းပြည်နယ်ကိုယ်စားပြု မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းတစ်သင်းဖြစ်သည့် ချင်းယူနိုက်တက်အသင်းကို ဆက်သွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Ooredoo က ဘောလုံးအသင်းအကျီရင်ဘတ်တံဆိပ်စပွန်ဆာ ပေးအပ်ခဲ့ကြောင်း သိရသည်။

ချင်းယူနိုက်တက်အသင်းသည် ၂၀၁၂ ခုနှစ်တွင် အသင်းအကျီရင်ဘတ်တံဆိပ်စပွန်ဆာအဖြစ် AMT ကုမ္ပဏီက ပထမဆုံးစပွန်ဆာကိုရရှိခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် အသင်းအကျီရင်ဘတ်တံဆိပ်စပွန်ဆာအဖြစ် ပေးအပ်ခဲ့သည့် Ooredoo မှာ ဒုတိယမြောက်ရင်ဘတ်တံဆိပ်စပွန်ဆာဖြစ်ကြောင်း၊ ယခုနှစ်တွင်လည်း စပွန်ဆာရရှိခြင်းကြောင့် အသင်းအတွက်အထောက်အကူများစွာရရှိသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ပါကြောင်း၊ နောက်ထပ်မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းသုံးသင်းအတွက် စပွန်ဆာပေးဦးမည်ဟုသိရကြောင်း ချင်းယူနိုက်တက်အသင်း စီအီးအို ဦးဒိုခန့်ခုပ်က ပြောကြားသည်။

အဆိုပါချင်းယူနိုက်တက်အသင်းသည် Ooredoo ကုမ္ပဏီနှင့် တစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ပြီး ၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲအပြီးတွင် လိဂ်-၂ ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရသော်လည်း ၂၀၁၃ လိဂ်-၂ ပြိုင်ပွဲတွင် ပထမရရှိခဲ့သဖြင့် ၂၀၁၄ မြန်မာနေရှင်နယ်လိဂ်သို့ တန်းတက်ကစားခွင့်ရရှိခဲ့ကြောင်း သိရသည်။ **ဇိုဟေဆာ(ချင်းတောင်ခြေ)**

မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့်မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံအိုးပင်းစစ်တုရင်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၆ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ဖေဖော်ဝါရီ ၂၆ ရက် နောက်ဆုံးထား၍ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲမှ လက်ရည်စစ်အောင်မြင်သူများသည် ၂၀၁၄ ခုနှစ် အမျိုးသားတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲမှ မြန်မာ့လက်ရွေးစင်များကို နိုင်ငံတကာပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်းသိရသည်။

ခင်မောင်ဝင်း(ကြေးမုံ)

ဘိုင်ယန်မြူးနစ်ကွင်းလယ်ကစားသမား ဖရန့်ရီဘာရီ အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ပထမအကျော့ လွဲချော်မည်

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ဖရန့်ရီဘာရီသည် တင်ပါးဒဏ်ရာခွဲစိတ်ကုသမှုခံယူလျက်ရှိခြင်းကြောင့် အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့နှင့် လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

အသက်(၃၀) အရွယ်ရှိပြီဖြစ်သည့် ပြင်သစ်ကြယ်ပွင့် ဖရန့်ရီဘာရီသည် သွေးကြောပေါက်သည့်ရောဂါကို ကုသရန် ဖေဖော်ဝါရီ ၆ ရက်တွင် ခွဲစိတ်ကုသမှုများလုပ်ဆောင်ခဲ့သည်။

ဂျာမန်ဘွန်ဒက်လီဂါနှင့် ချန်ပီယံလိဂ်ချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းသည် ဖေဖော်ဝါရီ ၁၉ရက်တွင် အာဆင်နယ်အသင်း၏ အမ်းမရိတ်ကွင်း၌ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်ကို ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဖရန့်ရီဘာရီအား လာမည့်သီတင်းပတ်အတွင်း အသင်းနှင့်အတူ ပြန်လည်ပါဝင်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားထားသည်။

ငွေကြယ်

၂၀၂၂ ဓနသဟာယအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် တောင်အာဖရိက စီစဉ်

တောင်အာဖရိကအစိုးရသည် ၂၀၂၂ ဓနသဟာယအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အဆိုပြုလျှောက်ထားလွှာတင်သွင်းရန် စီစဉ်ထားကြောင်း သိရသည်။

ယင်းမှာ တောင်အာဖရိက အားကစားအဖွဲ့ချုပ်နှင့် အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖြစ်သူ ဂီဒီအွန်ဆမ်အနေဖြင့် ဓနသဟာယအားကစားပြိုင်ပွဲကို ပထမဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပရန် မျှော်လင့်ထားခြင်းဖြစ်သည်။

တောင်အာဖရိကနိုင်ငံအနေဖြင့် အဆိုပါ ဓနသဟာယအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်စွမ်း ရှိကြောင်း၊ အားကစားပြိုင်ပွဲကျင်းပမည့် အဆောက်အအုံများလည်း အသင့်ရှိပြီဖြစ်ကြောင်း၊ လက်ရှိတွင်လည်း အိမ်ရှင်အဖြစ်ကျင်းပခွင့်ရရေးလျှောက်လွှာကိုလည်း တင်သွင်းရန်အသင့်ရှိကြောင်း ပြောကြားခဲ့သည်။

ဘောလုံးလောကသတင်းတိုများ

- တော့တင်ဟမ်ဟော့စပါးအသင်းမှ ဂိုးသမား ဟူရိုလိုရစ်သည် ယခုနှစ် ဘောလုံးရာသီကုန်တွင် စပါးအသင်းမှထွက်ခွာကာ အာဆင်နယ်အသင်းသို့ပြောင်းရွှေ့လာရန်ရှိနေကြောင်း အာဆင်နယ်တိုက်စစ်မှူး အိုလီဗာဂီရောက်က ပြောကြားခဲ့သည်။
- စပါးအသင်းနှင့် အာဆင်နယ်အသင်းတို့သည် နွေရာသီအပြောင်းအရွှေ့ကာလတွင် အသက် (၂၃)နှစ် အရွယ်ရှိ အူဒီးနီးစ်အသင်းမှ ဂါနာကွင်းလယ်ကစားသမား ဘာဒူကိုခေါ်ယူရန် ပြင်ဆင်မည်ဖြစ်ကြောင်း သိရသည်။
- မန်စီးတီးအသင်းသည် ၎င်းတို့ပစ်မှတ်ထားလျက်ရှိသော ကွင်းလယ်ကစားသမား ဖာနန်ဒိုသည် ပေါ်တိုအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုခဲ့ခြင်းကြောင့် ပြင်သစ်ကွင်းလယ်ကစားသမား မက်တူဒီကို ခေါ်ယူရန် ပြောင်းလဲစီစဉ်ခဲ့ကြောင်း သိရသည်။
- အာဆင်နယ်ဂိုးသမား ဖာဘီအန်စကီသည် အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် ငြင်းပယ်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီကုန်ပါက အာဆင်နယ်အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။
- မန်ယူအသင်းသည် လက်ရှိပွဲစဉ်(၂၅)အပြီးတွင် အဆင့် (၇)၌ ရပ်တည်နေသော်လည်း ပရီမီယာလိဂ် ထိပ်ဆုံးလေးသင်းစာရင်းဝင်ဖြစ်လာနိုင်သည်ဟူသည့် မန်ယူ၏ယုံကြည်ချက်ကို ချယ်လ်ဆီး နည်းပြမော်ရင်ဟိုက ထောက်ခံလိုက်ကြောင်း သိရသည်။

(၃၃)နှစ်ပြည့်မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ဦးမောင်မောင်မြင့် နှင့် ဒေါ်ခင်စောနွဲ့ (ဘိုကလေး) တို့၏ ၁၂-၂-၂၀၁၄ ရက်တွင် ကျရောက်သော (၃၃)နှစ်ပြည့်မင်္ဂလာ ရက်မြတ်မှသည် နှစ်ပေါင်းများစွာ ချစ်သောတူ၊ တူမများနှင့် ပျော်ရွှင် သာယာကြည်နူးချမ်းမြေ့စွာ အသက်ထက်ဆုံး ဖြတ်သန်းနိုင်ပါစေ ကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သော-တူ၊ တူမများ

ပဏ္ဏမြားရုပ်ရှင်မှတ်တိုင်
"ဖေဖေတက္ကသိုလ်မောင်သန့်ဇင် နှင့် မေမေဒေါ်ခင်မေဦးအတွက်"
(၁၂-၂-၁၉၇၄ - ၁၂-၂-၂၀၁၄)

အချစ်တေးသွယ်ခဲ့
နှစ်လေးဆယ်ရဲ့ခရီးရှည် . . . . . ။
ရုပ်ရှင် "ပဏ္ဏမြား"တဲ့
အားဝင့်မာန်ချို . . . . . ။
နှစ်ယောက်မက် အိပ်မက်သည်
တွက်ရေတော့တစ်ခုတည်း . . . . . ။
အမေ့အသည်းစံတင်လို့
အမေ့ဇွဲမာန်ဝင်တော့
သမ္မစဉ် နွေတိမ်ထက်မှာ
ဂန္ဓဝင်ရွှေအိပ်မက်တွေက
ဆက်မက်မှာပဲ . . . . . ။ ။

သမီးကြီး - အောင်သူကို+လင်းကြည်ဖြူသန့်
သမီးလတ် - စိုးလင်းကို+မြသဲဖြူသန့်
သား - မိုးစည်သူသန့်
သမီးငယ် - လှုံဝင်းဖြူသန့်
မြေးများ - မြပုရစ်ဖူး၊ ဘုန်းမြတ်သူ၊ မြနှင်းလေပြေ၊ ဖြူစင်ဦး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မွန်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာန၊ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်တွင် တည်ရှိသော မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၁) နှစ်ထပ်ဈေး အဆောက်အအုံဈေးရုံ(၄)ရုံ၊ အမိုးပြုပြင်ဆောင်ရွက်မည်ဖြစ်၍ ဈေးရုံအမိုး ပြုပြင်ဆောင်ရွက်လိုသည့် ကုမ္ပဏီများသည် အောက်ပါအချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

(က) အမှတ်(၁) ဈေးခေါင်မိုးပြုပြင်ခြင်းအား မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေးဆွဲသည့်ပုံစံအတိုင်း ခန့်မှန်းကုန်ကျငွေ(ကြမ်းခင်းဈေး)ကျပ် သိန်း(၉၄၀)ဖြင့် ပြုပြင်တည်ဆောက်ရန်၊

(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းသည့်ကုမ္ပဏီ၏ အဆိုပြုတန်ဖိုးနှင့်ညီမျှသောမရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို အာမခံအဖြစ် ထားရှိရန်။

(ဂ) တင်ဒါတင်သွင်းမည့် ကုမ္ပဏီအနေဖြင့် ကုမ္ပဏီ၏ Profile ဖြင့်တင်ပြရန်၊

(ဃ) မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှရေးဆွဲသည့်ဈေးခေါင်မိုးပုံစံပါဝင်သော အိတ်ဖွင့်တင်ဒါလျှောက်လွှာအား ၁၅-၂-၂၀၁၄ရက် မှ ၁၇-၂-၂၀၁၄ရက်အတွင်း မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ဝယ်ယူ၍ အောက်ပါအစီအစဉ်အတိုင်း လျှောက်ထားရန်-

အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေ့ရက် - ၁၇-၂-၂၀၁၄ရက်မှ ၂၀-၂-၂၀၁၄ရက်အထိ
အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်အချိန် - နံနက်(၁၀)နာရီမှ ညနေ(၁၆)နာရီအထိ ရုံးချိန်အတွင်း
အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး မော်လမြိုင်မြို့

(င) သတ်မှတ်ရက် အချိန်ထက်ကျော်လွန်နောက်ကျတင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၂။ မော်လမြိုင်မြို့၊ အမှတ်(၁)နှစ်ထပ်ဈေး အဆောက်အအုံဈေးရုံ(၄)ရုံအမိုးပြုပြင်မည့် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည်များကိုမေးမြန်းလိုပါက မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူကိုယ်တိုင် ရုံးချိန်အတွင်းလာရောက် စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

တစ်လုံးလောင်းကစားသူအား ရဲက ဖမ်းဆီး

မိတ္ထီလာ ဖေဖော်ဝါရီ ၁၁

မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့နယ်မြေအတွင်း လောင်းကစားပပျောက်ရေး စီမံချက်ရေးဆွဲ၍ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စဝ်နေလင်း၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက် ညနေ ၈ နာရီ ၁၅ မိနစ်ခန့်က ခရိုင်အထူးမှုခင်း နှိမ်နင်းရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက်နယ်မြေ (၁၇)နေ မောင်မောင်တာ၏ နေအိမ်အတွင်း လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ မောင်မောင်တာ (၃၃)နှစ်အား ဘောလုံးလောင်းကစားရာတွင် အသုံးပြုသော လောင်းကစားပစ္စည်း ကိရိယာ ရှစ်မျိုးနှင့် လောင်းကြေး ငွေကျပ် ၂၃၀၀၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် မိတ္ထီလာ အမှတ်(၂)ရဲစခန်းက မောင်မောင်တာအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၁၁၁)**

ရေအိုးအား လုံ့ဖြင့် လက်တည့်စမ်းပစ်ရာ ကလေးငယ်ထိမှန်သေဆုံး

နေပြည်တော် ဖေဖော်ဝါရီ ၁၁ - မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရွာထောင်ကျေးရွာတွင် ကလေးတစ်ဦးလုံ့ထိုးမိ၍ သေဆုံးနေကြောင်း သတင်းအရ ဖေဖော်ဝါရီ ၈ ရက် ည ၈ နာရီခွဲက လယ်ကိုင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ ပွင့်ဖြူမြို့နယ် ရွာထောင်ကျေးရွာနေ သောင်းထွန်း(၂၉)နှစ်သည် လုံ့ကိုင်၍ နေအိမ်မှ ထွက်လာပြီး တစ်ရွာတည်းနေ ကိုသန်းဇော်နေအိမ်ရှေ့အရောက်တွင် အိမ်ထရံ၌ကပ်၍ တင်ထားသည့် ရေအိုးအား လုံ့ဖြင့် လက်တည့်စမ်းပစ်ရာ ရေအိုးအား မထိဘဲ အိမ်ထရံအားဖောက်၍ အိမ်ထဲရှိ ထရံအနီးတွင် အိပ်ပျော်နေသော မျိုးမင်းခိုင် (၆)နှစ်အား ထိမှန်ကာ နောက်ကျောဝဲဘက်လက်ပြင်အောက်၌ စူးနစ်ဒဏ်ရာရရှိသေဆုံးသွားကြောင်း သိရသဖြင့် လုံ့အား မဆင်မခြင် ပေါ့ဆစွာသုံးစွဲသူ သောင်းထွန်းအား လယ်ကိုင်းနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်းသိရသည်။

ရဲပြန်ကြား

အရက်သောက်ရင်း စကားများရာမှ ဓားထိုးမှုဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၁ - မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ဥသျှစ်ကုန်းရွာနေ ဦးကျော်လေး(၄၄)နှစ်သည် နေအိမ်တွင်ရှိနေစဉ် ဖေဖော်ဝါရီ ၉ ရက် ညနေ ၅ နာရီခွဲက တစ်ရွာတည်းနေ ယောက်ဖဖြစ်သူ လှမင်းထွန်း(၂၉)နှစ်မှာ ဓားထိုးခံရ၍ ဆေးရုံရောက်နေကြောင်းသိရသဖြင့် သွားရောက်ကြည့်ရှုခဲ့သည်။ ဖြစ်စဉ်မှာ လှမင်းထွန်း၏ တစ်ရွာတည်းနေ ဝင်းအောင် (၄၈) နှစ်၏ နေအိမ်၌ အရက်အတူသောက်ပြီးစကားများရာ ဝင်းအောင်က ဓားဖြင့်ထိုးသဖြင့် လှမင်းထွန်း၏ ယာတံတောင်တွင် ပြတ်ရှဒဏ်ရာ၊ ယာလက်မောင်းနှင့် ရင်ညွန့်အလယ် ထိုးသွင်းဒဏ်ရာများ ရရှိခဲ့သဖြင့် အရေးယူပေးရန်တိုင်တန်းခဲ့သောကြောင့် ဝင်းအောင်အား ဘော်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အမှတ်(၉၃ဂ) မြစ်ကြီးနား-မန္တလေး ကုန်တင်ရထား လမ်းချော်တိမ်းမှောက်

မော်လူး ဖေဖော်ဝါရီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဘူတာနှင့် နန့်စီးအောင်ဘူတာကြားတွင် မြစ်ကြီးနားဘူတာမှ ထွက်ခွာလာသော အမှတ်(၉၃၈) ကုန်တင်ရထားသည် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၇ နာရီ ၅ မိနစ်က ရထားတွဲချော်တိမ်းမှောက်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

ဖြစ်စဉ်မှာ မြစ်ကြီးနားမှ မန္တလေးဘက်သို့ မောင်းနှင်လာသော စက်ခေါင်းအမှတ် DD 1118၊ စက်ခေါင်းမောင်း ဦးရဲသန်းနှင့် ရထားထိန်း ဦးလှမြင့်တို့ပါရှိသည့် ကုန်တင်ရထားသည် နန့်စီးအောင်ဘူတာမှ နံနက် ၆ နာရီ မိနစ် ၄၀ တွင် ထွက်ခွာလာရာ မိုင်တိုင်အမှတ်(၆၀၆/၂၃)၊ (၆၀၆/၂၄)ကြား အရောက်တွင် သံလမ်းအဆက်နေရာအနီးတွင် မီးရထားသံလမ်း နှစ်ပေခန့်ပြတ်ထွက်ပြီး ရထားတွဲများ လမ်းချော်တိမ်းမှောက်ခဲ့သည်။

တွဲအမှတ် GBHAH 40819 (1, 2, 7, 8), GBHAH 40902 (2, 4, 5, 7) တွဲများ လမ်းချော်ကျပြီး တွဲအမှတ် GBHAH 40894 တွဲသည် မီးရထားသံလမ်း၏ညာဘက် ၁၅ ပေခန့်အကွာသို့ လွင့်စဉ်တိမ်းမှောက်ခဲ့ပြီး လိုက်ပါလာကြသည့် ဝန်ထမ်းတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာမရခဲ့ကြောင်း၊ မီးရထားတွဲချော်တိမ်းမှောက်ရာသို့ မော်လူးမီးရထားဘူတာရုံပိုင်ကြီး ဦးစိုးလင်း၊ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ မီးရထားလမ်းအင်ဂျင်နီယာ ဦးထင်လှအောင်(အငယ်တန်းအင်ဂျင်နီယာ)နှင့်အဖွဲ့တို့ သွားရောက်ကြပြီး မီးရထားလမ်းပိုင်းအမြန်ဆုံးပြန်လည်ကောင်းမွန်ပြီး မီးရထားများ ပုံမှန်သွားလာနိုင်စေရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၆၈၅)**

မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

အမှတ်(၂၂) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(မူဆယ်)မှ ပူးပေါင်းတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၉ ရက် ည ၈ နာရီက မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ မူဆယ်မြို့အထွက် အေးရှားဝေါလ်တိုးဂိတ်တွင် ၁၀၅ မိုင် ကျေးရွာမှ မူဆယ်မြို့သို့ ရန်ကော်နိမ့် (၁၉)နှစ် မူဆယ်မြို့နယ် မုံးပေါ်ကျေးရွာအုပ်စု နမ့်ချဲပါကျေးရွာနေသူမောင်းနှင်ပြီး တရုတ်နိုင်ငံ ထိန်ချုံးခရိုင် ထိန်ချုံးမြို့နေ လုရှင်းစိန် (၃၆)နှစ်လိုက်ပါစီးနင်းလာသော ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ လုရှင်းစိန်၏ လွယ်အိတ်အတွင်းမှာ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀(တန်ဖိုးငွေကျပ် ၇၆ သိန်း)အား သိမ်းဆည်းရမိသဖြင့် လုရှင်းစိန်နှင့် ရန်ကော်နိမ့်တို့နှစ်ဦးအား မူဆယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

စဉ့်ကိုင်မြို့နေ

ဦးရွှေခိုင်(မြမြင့်မိုရ်ဆန်စက်နှင့်ဆန်ရောင်းဝယ်ရေး)-ဒေါ်မြင့်မြင့်စန်း

တို့၏သား

မောင်ဇော်လင်းအောင်

B.C.Sc

လက်ထောက်ညွှန်ကြားရေးမှူး (ပြည်ထဲရေးဝန်ကြီးဌာန)

နှင့်

ရန်ကုန်မြို့နေ

ဦးမင်းစိန်(မန်နေဂျင်းဒါရိုက်တာ-ထက်မိုးပွင့်ကုမ္ပဏီလီမိတက်)-

ဒေါက်တာ ဒေါ်မေသိန်းတိုး(မေ့ဆေးအထူးကုဆရာဝန်ကြီး)တို့၏သမီး

မခင်မေခိုင်

B.BM,BSc(Hons:), CIS(NCC-UK), B.A (English),

Dip in English (SAEMEO-CHAT)

တတိယအတွင်းဝန် (နိုင်ငံခြားရေးဝန်ကြီးဌာန)

တို့အား ၇-၂-၂၀၁၄ ရက်နေ့တွင် ဆုံးမဩဝါဒ မြွက်ကြားပေးပါသော ဘိုးဘိုးဦးအောင်တိုး နိုင်ငံတော် တရားသူကြီးချုပ်(ငြိမ်း)အားလည်းကောင်း၊ ၈-၂-၂၀၁၄ ရက်တွင် Chatrium Hotel Grand Ball Room ၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် စုလျားရစ်ပတ် လက်ထပ်ပေးပါသော ပါမောက္ခဒေါက်တာ လှမြင့်(ပါမောက္ခချုပ်/ဗိုလ်မှူးချုပ်-ငြိမ်း) တပ်မတော်ဆေးတက္ကသိုလ်၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့်ဇနီး ဒေါ်စန်းစန်း (ဒုဗိုလ်မှူးကြီး/ညွှန်ကြားရေးမှူး-ငြိမ်း) ကျန်းမာရေးဝန်ကြီးဌာန၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဒေါ်လင်းလင်းတင်၊ မင်္ဂလာလက်ထပ်လက်စွပ်များချီးမြှင့် ဆင်မြန်းပေးပါသော အန်ကယ်ဒေါက်တာဦးမြဟန်(Vice Chairman UMFCCI, Chairman Fortune International Limited) အန်တီဒေါ်ခင်စပယ်ကြည်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်၊ နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်ဇနီးများ၊ မိသားစုများ၊ စစ်တက္ကသိုလ်အမှတ်စဉ်(၂၂)မှ သူငယ်ချင်းများနှင့်ဇနီးများ၊ စစ်ဘက်၊ နယ်ဘက်မှ ပါမောက္ခဆရာဝန်ကြီးများနှင့်ဇနီးများ၊ နယ်ဘက်ဌာနများမှ သူငယ်ချင်း၊ မိတ်ဆွေ၊ အရာထမ်း၊ ဝန်ထမ်းများ၊ ဂုဏ်သရေရှိဧည့်သည်တော်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ပေးကြပါသော ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေနှင့် ဇနီးဒေါက်တာ ဒေါ်ဝေမာမာခိုင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၇-၂-၂၀၁၄ ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးလှအေးအားလည်းကောင်း၊ မင်္ဂလာအသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဒုတိယဗိုလ်မှူးကြီးမင်းတင်(ငြိမ်း)နှင့်ဇနီး ဒေါက်တာ ဒေါ်ပိုက်ထွေးချို(ကလေးအထူးကုဆရာဝန်ကြီး)၊ အန်ကယ်ဦးဝင်းလွင်နှင့် ဇနီး အန်တီဒေါ်ခင်စန္ဒာတိုးတို့အားလည်းကောင်း၊ ၇-၂-၂၀၁၄ ရက်တွင် တောင်ကြီး ပရိယတ္တိစာသင်တိုက်၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဦးဆွမ်းကျွေး အလှူတော်သို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် မင်္ဂလာပန်းများကြဲဖြန့်ပေးကြပါသော မအေးမြတ်မြတ်မျိုး၊ မဆန်းစန္ဒာဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော မယမုံဖြူဦး၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မအိရွှေသက်၊ သတို့သားအရံ မောင်ထင်အောင်၊ မောင်အောင်ခိုင်ခန့်၊ သတို့သမီးအရံ မသန္တာကျော်ဇော၊ မအေးမွန်ခိုင်တို့နှင့်ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများ

မောင်ဇော်လင်းအောင်နှင့် မခင်မေခိုင်



သွေးသည် အသက်

အရည်အချင်းမြင့်ဝန်ထမ်းကောင်းများအလိုရှိသည်

အောင်မြင်တိုးတက်နေသော ထောက်ပံ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ခန့်အပ်ရန် ရိုးသား၍ ကြိုးစားအလုပ်လုပ်ကိုင်လိုသော အရည်အချင်းမြင့်လူငယ်(ကျား/မ)ဝန်ထမ်းကောင်းများ အလိုရှိပါသည်။

ကိုယ်ရေးရာဇဝင်၊ မျှော်မှန်းလစာ၊ အရည်အချင်း(ဂုဏ်ထူးဆုရလက်မှတ်မိတ္တူများ)၊ လျှောက်ထားရသည့်ရည်ရွယ်ချက်နှင့် ရည်မှန်းချက်အပြည့်အစုံ စသည်တို့ဖြင့် လာရောက်လျှောက်ထားနိုင်ပါသည်။

ဤလုပ်ငန်းနှင့်ပတ်သက်သော အတွေ့အကြုံလုံးဝမရှိသူများ၊ တက္ကသိုလ်တက်ရောက်နေသည့် ထူးချွန်လူငယ်များလည်း လျှောက်ထားနိုင်ပါသည်။

အမှတ်-၁၉၀-၁၉၂၊ ရွှေဂုံတိုင်လမ်း၊ ၀၁-၀၁ ဒဂုံတာဝါ၊

ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၁-၅၄၂၇၈၈၊ ၅၄၃၁၉၈၊ ၅၄၄၁၃၈၊ ၅၄၄၃၄၀၊ ၅၄၄၃၄၁

လိုင်စင်မဲ့ဆိုင်ကယ် မှတ်ပုံတင်ဈေးနှုန်း ထုတ်ပြန်မည်

မန္တလေး၊ ဖေဖော်ဝါရီ ၁၂

မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန၊ ခရိုင်ရုံးခုနစ်ရုံးတွင် ဖေဖော်ဝါရီ ၁၇ ရက်မှ စတင်ကာ ကိုးကြိမ်မြောက် ယာဉ်မှတ်ပုံတင် စတင်ပြုလုပ်ပေးသွားမည် ဖြစ်သည်။

လိုင်စင်မဲ့ဆိုင်ကယ်များအား ယာဉ်မှတ်ပုံတင်ပြုလုပ်ပေးမည် ဖြစ်ရာ အခွန်ကောက်ခံရန် ဆိုင်ကယ်ဈေးနှုန်းများကို အများသိသာရန် သတ်မှတ်ကြေညာသွားမည်ဖြစ်သည်။

က. ည. န နှင့် နီးစပ်သည့် သတင်းများအရ ဖြစ်နိုင်ဖွယ်ရှိသည့် သတ်မှတ်ချက်များမှာ တရုတ်နိုင်ငံလုပ်ဆိုင်ကယ်များတွင် ၁၉၉၈-၂၀၀၀ ခုနှစ်၊ ၁၁၀ စီစီ အတွက် ၁၀၀၀၀ ကျပ်၊ ၁၂၅ စီစီ အတွက် ၁၂၀၀၀ ကျပ်၊ ၂၀၀၁-၂၀၀၅ ခုနှစ် ၁၁၀ စီစီ ၁၄၇၀၀၀ ကျပ်၊ ၁၂၅ စီစီ ၁၆၇၀၀၀ ကျပ်၊ ၂၀၀၆-၂၀၁၀ ခုနှစ် ၁၁၀ စီစီ ၂၄၅၀၀၀ ကျပ်၊ ၁၂၅ စီစီ ၂၈၈၀၀၀ ကျပ်၊ ၂၀၁၁ ခုနှစ် ၁၁၀ စီစီ ၃၀၇၀၀၀ ကျပ်၊ ၁၂၅ စီစီ ၃၄၄၀၀၀ ကျပ်၊ ၂၀၁၂ ခုနှစ် ၁၁၀ စီစီ အတွက် ၃၆၀၀၀၀ ကျပ်၊ ၁၂၅ စီစီ ၃၉၀၀၀၀ ကျပ်၊ ၂၀၁၃ ခုနှစ်နှင့်အထက် ၁၁၀ စီစီ ကျပ် ၄၀၀၀၀၀ ကျပ်၊ ၁၂၅ စီစီ ၄၅၀၀၀၀ ကျပ်နှင့် ထိုင်းနိုင်ငံထုတ်ဆိုင်ကယ်များတွင် ၁၉၉၈-၂၀၀၀ ခုနှစ် ၁၁၀ စီစီ ၂၈၀၀၀၀ ကျပ်၊ ၁၂၅ စီစီ ၃၆၀၀၀၀ ကျပ်မှစ၍ သတ်မှတ်တန်ဖိုးမြင့်လာပြီး ၂၀၁၂ ခုနှစ် ၁၁၀ စီစီ ၆၂၅၀၀၀ ကျပ်၊ ၁၂၅ စီစီ ၇၅၀၀၀၀ ကျပ်၊ ၂၀၁၃ နှင့်အထက် ၁၁၀ စီစီ ၉၆၀၀၀၀၊ ၁၂၅ စီစီ ၁၁၂၀၀၀၀ ကျပ်နှင့် အိန္ဒိယနိုင်ငံထုတ်ဆိုင်ကယ်များတွင် ၂၀၁၂ ခုနှစ် ၁၁၀ စီစီ ၆၀၀၀၀၀ ကျပ်၊ ၁၂၅ စီစီ ၈၀၀၀၀၀ ကျပ်၊ ၂၀၁၃ ခုနှစ်နှင့်အထက် ၁၁၀ စီစီ ၆၆၀၀၀၀ ကျပ်၊ ၁၂၅ စီစီ ၉၀၀၀၀၀ ကျပ်ဖြင့် အခွန်စည်းကြပ်ရန် တန်ဖိုးများ သတ်မှတ်ဖွယ်ရှိသည်။ လိုင်စင်ပြုလုပ်ရာတွင် အကောက်ခွန်မှ ငါးရာခိုင်နှုန်း၊ ပြည်တွင်းအခွန်မှ ငါးရာခိုင်နှုန်း၊ ပေါင်းတစ်ဆယ်ရာခိုင်နှုန်းကို စည်းကြပ်ကောက်ခံသွားမှာဖြစ်ပြီး၊ က. ည. န မှတ်ပုံတင်ကြေး ၂၂၀၀ ကျပ်၊ အာမခံကြေး ၁၇၅၀ ကျပ်၊ ဘဏ်ငွေသွင်း ၅၅၀ ကျပ်တို့ ပေးသွင်းရမှာဖြစ်ကြောင်း၊ ဘောင်အမှတ်၊ စက်အမှတ် မပါရှိလျှင် က. ည. န မှ ပြုလုပ်ပေးမည်ဖြစ်သည်။ **အောင် (မန်း)**

မန္တလေးမြို့ (၈) ကြိမ်မြောက် လိုင်စင်မဲ့ဆိုင်ကယ်များ ယာဉ်မှတ်ပုံတင်စဉ် တွေ့ရသော မော်တော်ဆိုင်ကယ်များ။

နယ်စပ်တွင် အိန္ဒိယရူပီးငွေကို တရားဝင်သုံးစွဲရန် ကုန်သည်များလိုလား

ကလေး၊ ဖေဖော်ဝါရီ ၁၂

အိန္ဒိယ-မြန်မာနယ်စပ် တမူးမြို့ရှိ ကုန်သည်များအနေဖြင့် တရုတ်နိုင်ငံထုတ် ကုန်ပစ္စည်းများကို အိန္ဒိယနိုင်ငံနယ်စပ်ထိ တိုက်ရိုက်ကုန်သွယ်မှုပြုလုပ်လျက်ရှိသောကြောင့် အိန္ဒိယနိုင်ငံသုံး ရူပီးငွေအား နယ်စပ်ဒေသများတွင် တရားဝင် သုံးစွဲရန်အတွက် ဒေသခံကုန်သည်များ လိုလားလျက်ရှိသည်။

အဆိုပါ အိန္ဒိယနိုင်ငံထုတ် ကုန်ပစ္စည်းများကို ကလေး၊ တမူးမြို့များအပြင် မုံရွာ၊ မန္တလေး၊ ရန်ကုန်မြို့များသို့ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ တမူး၊ ကလေးဖက်မှာဆိုရင် ကုန်သည်တွေ အများစုက အိန္ဒိယရူပီးငွေနဲ့ ကုန်သွယ်မှုပြုချင်ကြတယ်။ အိန္ဒိယဖက်ကို ကုန်တွေပို့ရင် ရူပီးငွေနဲ့မှ ငွေတန်ဖိုးလည်း နည်းသွားသလို ကိုယ့်အတွက်လည်း အမြတ်ပိုကျန်ပါတယ်။ ဥပမာပြောရမယ်ဆိုရင် အိန္ဒိယနိုင်ငံထုတ်ကုန်ပစ္စည်းတစ်မျိုးကို ရူပီးတစ်ရာဆိုလျှင် မြန်မာငွေနဲ့ရှင်းရင် ကျပ် ၂၀၀၀ လောက်ကွာသွားကြတယ်၊ ငွေလဲနှုန်းက ပျမ်းမျှမှာ ရူပီး ၁၀၀ မှာ မြန်မာငွေ ၁၅၀၀ လောက်ပဲ ဈေးရတာပါ" ဟု တမူးကုန်သည်တစ်ဦးက ပြောသည်။

ကုန်သည်အများစုမှာ အိန္ဒိယနိုင်ငံသုံး ရူပီးငွေများကို နန်းဖာလုံဈေးနှင့် မိုးရေးဈေးများတွင် သွားရောက်ကာ ကိုယ်စားလှယ်များထံ ငွေများလဲလှယ်ယူနေရကြောင်းသိရသည်။

"လဲယူပြီးပေမယ့် တမူးနယ်စပ်မှာက သိပ်ပြဿနာမရှိဘူး။ ကလေးတို့ ကလေးဝ၊ ချင်းတောင်တို့ ရောက်ပြီဆိုရင် အိန္ဒိယငွေတွေတွေ့ရင် အဖမ်းခံရတော့တာ။ ဒါဆိုတော့ နယ်စပ်ကုန်သွယ်မှုပြုနေတဲ့ ကုန်သည်တွေအတွက် နစ်နာလွန်းလို့ အိန္ဒိယရူပီးငွေကို နယ်စပ်ဒေသတွေမှာ တရားဝင်အသုံးပြုခွင့် ရချင်တာပါ" ဟု တမူးနယ်စပ်မှ ကုန်သည်တစ်ဦးက ပြောသည်။ **လင်းလက်ကြယ်စင်**

သတင်းတိုများ

တောင်သူအတွက် ကာကွယ်မှုများကြိုတင်စဉ်းစားသင့်

လာမည့် ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းပေါ်ပေါက်လာပါက တောင်သူလယ်သမားများအတွက် နိုင်ငံတော်မှ စီးပွားရေးလုပ်ကိုင်ရာ၌ လက်ရှိအာဆီယံတွင်လည်း ဥပဒေမရှိသေးကြောင်းနှင့် မြန်မာနိုင်ငံတွင် ဥပဒေမရှိသေးသည့်အတွက် မြန်မာနိုင်ငံအနေနှင့် ကာကွယ်မှုများအား ကြိုတင်စဉ်းစားထားသင့်ကြောင်း မြန်မာဖိုရမ်မှ ဆက်သွယ်ညှိနှိုင်းရေးမှူး ဦးကျော်လင်းဦးက ပြောသည်။ မြန်မာဖိုရမ်က ကြီးမှူးကျင်းပသည့် အာဆီယံဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကချင်ပြည်နယ်၊ ဟားခါးမြို့၊ မြို့တော်ခန်းမ၌ ဖေဖော်ဝါရီ ၆ ရက်မှ ၇ ရက်အထိ နှစ်ရက်တာ ကျင်းပခဲ့ပြီး ယင်းအစည်းအဝေးတွင် ထည့်သွင်းပြောကြားခဲ့သည်။ ထို့ပြင် ၎င်းက ကာကွယ်မှုဥပဒေများလွန်းပါက ရင်းနှီးမြှုပ်နှံမှုများ နည်းသွားနိုင်ပြီး ကာကွယ်မှုနည်းသွားပါက ထိခိုက်မှုများရှိလာနိုင်ကြောင်း အဆိုပါ ဆွေးနွေးပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။ **ဟားခါးခရိုင် (ပြန်/ဆက်)**

သထုံမြို့တွင် ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပ

၆၇ နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးလက်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်၍ စာဖတ်ရှိန်တိုးတက်မြင့်မားစေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေး ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများနှင့် စာဖတ်ဝိုင်းများပြုလုပ်ပေးခြင်းတို့ကို ဖေဖော်ဝါရီ ၈ ရက်က သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကျောင်းရွာကျေးရွာ မူလတန်းကျောင်းတွင် ကျင်းပခဲ့ကြောင်းသိရသည်။ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ကျောင်းရွာ၊ ဝင်းကလော၊ စောင်နိုင်ဂွ ကျေးရွာမူလတန်းကျောင်းများမှ ကျောင်းသူကျောင်းသားများနှင့် စာပေဝါသနာရှင်များက ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲများမှ ဆုရရှိကြသူများကို တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်ညွန့်က ၂၀၁၂-၁၃ ပညာသင်နှစ်တွင် ကျောင်းရွာကျေးရွာမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ကာ ကျောင်းသူကျောင်းသားများ လေ့လာဖတ်ရှုတတ်စေရန်အတွက် စာဖတ်ဝိုင်းများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **သက်ဦး (သထုံ)**

ရွှေစက်တော်ဘုရားပွဲတော်၌ လူတစ်ဦးရေနစ်သေဆုံး

မကွေးတိုင်းဒေသကြီး၊ မင်းဘူး (စကု) မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားပွဲတွင် ဖေဖော်ဝါရီ ၈ ရက် ညနေ ၃ နာရီခွဲခန့်က နမ္မဒါချောင်းအတွင်း လူတစ်ဦး ရေနစ်သေဆုံးနေကြောင်း သတင်းရသဖြင့် သွားရောက်စစ်ဆေးရာ ရေနစ်သေဆုံးသူမှာ မောင်ဇော်ဦး ၂၅ နှစ်၊ မကွေးမြို့ ရန်မျိုးလုံ ၁ လမ်းတွင် နေထိုင်သူဖြစ်ပြီး သေဆုံးသူသည် သူငယ်ချင်းများနှင့် ရေချိုးဆော့ကစားစဉ် ရေငုပ်ရာမှ ပြန်လည်ပေါ်မလာတော့ပဲ ရေနစ်သေဆုံးခြင်းဖြစ်ကြောင်းနှင့် အဆိုပါ မောင်ဇော်ဦး သေဆုံးရခြင်းမှာ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်-မဟုတ် သိရှိနိုင်ရေးအတွက် စစ်ဆေးပေးပါရန် ရွှေစက်တော်ဘုရားပွဲတော်ရဲကင်း စခန်းမှူးတာဝန်ခံ ဒုရဲမှူးဝင်းတင့်မှ တရားလိုပြုတိုင်တန်းသဖြင့် စကုမြို့နယ်ရဲစခန်းမှ သေမှုသေခင်းအမှတ် ၁/၂၀၁၄ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ပိုင်ဇေ (မကွေး)**









ပြည်တွင်းခရီးစရိတ်မြင့်မှုကြောင့် ပြည်ပလည်ပတ်ရန် ပိုမိုရွေးချယ်လာကြ

မန္တလေး၊ ဖေဖော်ဝါရီ ၁၂

ပြည်တွင်းခရီးသွားလည်ပတ်စရိတ်မြင့်မားမှုကြောင့် ပြည်ပသို့သွားရောက်လည်ပတ်ရန် ပိုမိုရွေးချယ်လာကြကာ နိုင်ငံကူးလက်မှတ်လျှောက်ထားသူများမှာလည်းလျော့နည်းသွားခြင်းမရှိကြောင်း မန္တလေးတိုင်းဒေသကြီး နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနမှ သိရသည်။

နိုင်ငံတွင်းလည်ပတ်သည့် ခရီးစရိတ်မှာ ပြည်ပနိုင်ငံများသို့ သွားရောက်လည်ပတ်သည့်စရိတ်နှင့် နှိုင်းယှဉ်ပါက ကုန်ကျစရိတ်တူညီမှုနီးပါးရှိနေခြင်းကြောင့် နိုင်ငံရပ်ခြားသို့သွားရောက်လည်ပတ်သူ ပိုမိုများပြားလာပြီးနိုင်ငံကူးလက်မှတ်လျှောက်ထားသူများမှာလည်း နှစ်စဉ်စာရင်းများအရလျော့နည်းသွားခြင်း မရှိကြောင်း နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ပြည်တွင်းမှာရှိတဲ့ အထင်ကရနေရာတွေ သွားလည် ရင်စရိတ်အရမ်းကြီးတယ်။ စားစရိတ်၊ နေစရိတ်၊ သွားလာစရိတ်တွေက ပြည်ပသွားလည်တာနဲ့ အတူတူလောက်ဖြစ်နေတဲ့အတွက် ပြည်တွင်းထက် ပြည်ပလည်ပတ်ဖို့ ပိုရွေးချယ်လာကြတယ်" ဟု ၎င်းကဆိုသည်။

လေကြောင်းလိုင်းများမှာလည်း အိမ်နီးချင်းနိုင်ငံများသို့ ပြေးဆွဲရာတွင် စရိတ်လျှော့ချထားသည့် လေကြောင်းလိုင်းများ ပြေးဆွဲလာသည့်အတွက် ခရီးသည်များ စရိတ်သက်သာစွာ သွားလာနိုင်နေပြီဖြစ်သည်။ ထို့ပြင် အချို့ပြည်တွင်းလေယာဉ် ဈေးနှုန်းများနှင့် အိမ်နီးချင်းနိုင်ငံများသို့ ပြေးဆွဲသည့် လေယာဉ်စရိတ်မှာ များစွာကွာခြားခြင်းမရှိသည့်အပြင် ဟိုတယ်ခများမှာလည်း များစွာကွာခြားခြင်းမရှိသည့်အတွက် ပြည်ပခရီးစဉ်ကိုပိုမိုရွေးချယ်လာကြသည်ဟု ခရီးသွားလုပ်ငန်းရှင်များက ပြောသည်။

အောက်တိုဘာနှင့် နိုဝင်ဘာများမှာ ပြည်ပဘုရားဖူးရာသီ ဖြစ်သည့်တွက် အဆိုပါလမတိုင်မီ စက်တင်ဘာတွင် နိုင်ငံကူးလက်မှတ် လျှောက်ထားသူ ပိုမိုများပြားပြီး၊ မတ်နှင့်ဧပြီများမှာလည်း ခရီးသွားရာသီဖြစ်သောကြောင့် နိုင်ငံခြားသို့ အပန်းဖြေသွားရောက်ရန်အတွက် ဇန်နဝါရီနှင့် ဖေဖော်ဝါရီများတွင် နိုင်ငံကူးလက်မှတ်များပိုမိုလျှောက်ထားကြကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"ပြည်ပဘုရားဖူးဆိုရင် ဗုဒ္ဓဂယာကိုသွားကြတယ်။ တချို့က အပန်းဖြေထွက်တယ်။ ဈေးဝယ်ကြတဲ့သူလည်းရှိသလို၊ လေ့လာရေးသွားတဲ့သူတွေလည်း အများဆုံးရှိကြတယ်၊ ကျောင်းသွားတက်တဲ့သူတွေလည်း ရှိတယ်" ဟု ၎င်းကပြောသည်။

ထို့ပြင် ဆိုက်ရောက်ဗီဇာဖြင့် သွားလာနိုင်သည့်နိုင်ငံများနှင့် ဗီဇာကင်းလွတ်ခွင့်ပေးထားသည့် နိုင်ငံများရှိလာသည့်အတွက် နိုင်ငံကူးလက်မှတ်လျှောက်ထားသူ ပိုမိုများပြားလာနိုင်မည်ဖြစ်ကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးဌာနခွဲ ၁၇ ခု ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **အောင်ရဲသွင်**

မန္တလေးတိုင်းဒေသကြီး၊ မုံရွာမြို့နယ် ပဲစိုက်ပျိုးခင်းတွင် ဖုန်းပြောရင်း ထယ်ရေးပြင်နေသည့် လယ်သမားတစ်ဦး။ ၂၀၁၃ ခုနှစ်၊ ဧပြီလမှစတင်ပြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လစဉ်တန်ဖိုးနည်းမိုဘိုင်းဖုန်း ၃ သိန်း ၅ သောင်းကို ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ပြည်သူများကို ရောင်းချပေးခဲ့ပြီးဖြစ်သည်။

သတင်းနှင့် ဓာတ်ပုံ - မန်းသားလေး

သတင်းတို

ဆိုင်ကယ်ပေါ်မှ အမျိုးသမီးနှစ်ဦး ပြုတ်ကျသေဆုံး

မင်းဘူး(စကု) မြို့နယ် ဆင်ဂေါင်းကျေးရွာအနီး ကားလမ်း၌ ဖေဖော်ဝါရီ ၈ ရက်က မုံရွာခရိုင် ပုလဲမြို့၊ စိန်ရတနာရပ်ကွက်နေ ယာဉ်မောင်း ဇော်တင်သန်း မောင်းနှင်လာသော (Express) ကားသည် ဘုရားဖူးများတင်ဆောင်၍ မင်းဘူး-ပဒါန်းသွားကားလမ်း ၈ မိုင် ၂ ဖာလုံရှိ ဆင်ဂေါင်းကျေးရွာအနီးအရောက်တွင် ရှေ့မှကားကို ကျော်တက်လိုက်စဉ် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားသောကြောင့်မျက်နှာချင်းဆိုင်တွင် မင်းဘူးဘက်သို့ မောင်းနှင်လာသော စိုးအောင်၏ ဆိုက်ကယ်နောက်တွင်ပါလာသည့် ဆင်ဂေါင်းကျေးရွာနေ မဇာနည်ထွန်း၊ မစုတို့နှစ်ဦးမှာ ပြုတ်ကျသွားပြီး တစ်ဖက်ယာဉ်ကြောသို့ ကျော်တက်လာသော ကား၏ ဝဲဘက်ဘီးဖြင့်ကြိတ်မိ၍ နေရာ၌ပင် သေဆုံးသွားခဲ့ကြောင်း သိရသည်။ **ပိုင်ဇေ (မကွေး)**

နေပြည်တော်ဇေယျာသီရိမြို့တွင်းရှိ ဒေသခံများ အလုပ်အကိုင်ရရှိရေးအတွက် မြေသားလမ်းဖောက်လုပ်မည်

နေပြည်တော်၊ ဖေဖော်ဝါရီ ၁၂

ကျေးရွာနေပြည်သူများအလုပ်အကိုင်ရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်အတွက် နေပြည်တော်၊ဇေယျာသီရိမြို့နယ်၊ ကျောက်ဖြာအပိုင်ရှိ ကျောက်ဖြာကျေးရွာနှင့် ရွာသစ်ကုန်းကျေးရွာများတွင် ကျေးရွာချင်းဆက် ဆိုင်ကယ်သွားမြေသားလမ်းဖောက်လုပ်ရန် မြေသားစစ်ဆေး မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ကျောက်ဖြာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသန်းထိုက်က ဖေဖော်ဝါရီ ၁၀ ရက်က ပြောသည်။

အဆိုပါ မြေသားလမ်း ဖောက်လုပ်မှုကြောင့် ဒေသခံများ အလုပ်အကိုင်ရရှိရန်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း၏ လမ်းညွှန်မှုဖြင့် ဖောက်လုပ်သွားမည်ဖြစ်ပြီး လက်ရှိတိုင်းတာမှုအရ ယင်းကျေးရွာ နှစ်ရွာ၏ မြေသားလမ်းအား ခြောက်ပေအကျယ် နှင့် ပေပေါင်းတစ်သောင်းကျော် ဖောက်လုပ်ရမည်ဖြစ်ပြီး ကုန်ကျငွေမှာ ခန့်မှန်းအရ သိန်း ၇၀ နှင့် ၈၀ ကြားတွင် ရှိမည်ဖြစ်ပြီး ကားလမ်းဖောက်လုပ်ပါက ကုန်ကျငွေ ခန့်မှန်း သိန်း ၄၅၀ ကျော်ရှိကြောင်း ၎င်းက ခန့်မှန်းပြောကြားသည်။

"အရင်က ဒီလမ်းက လူသွားလမ်းခြေတစ်ဖဝါးစာပဲရှိတယ်။ ပေနဲ့တွက်ရင် တစ်ပေစာပဲရှိတယ်။ နောက်ပြီး အရင်က ဒီလမ်းကိုသုံးဖို့အတွက် ရွာထဲမှာလူတွေလည်း နည်းသေးတယ်။ အခုတော့ လူဦးရေလည်းများလာပြီဖြစ်တဲ့အတွက် စီးပွားရေးနဲ့ ကျန်းမာရေးအတွက် လမ်းပန်းဆက်သွယ်ရေးက လိုအပ်လာလို့ ဖောက်ကြတာပါ။ ကားလမ်းလည်း ဖောက်ချင်ပါတယ်။ အခြေအနေပေးရင်တော့ အကောင်အထည်ဖော်နိုင်အောင်လုပ်သွားမယ်။ အခုက မြေသားကို စမ်းတုန်းရှိပါသေးတယ်" ဟု ဦးသန်းထိုက်က ဆက်လက်ပြောသည်။

ကျောက်ဖြာအပိုင်အတွင်းရှိ ကျေးရွာနှစ်ရွာပေါင်း အိမ်ထောင်စုဦးရေမှာ ၁၀၀၀ နီးပါးခန့်ရှိ၍ ယခင်က တစ်ရွာနှင့် တစ်ရွာခြေလျင်သွားလာပါက သုံးနာရီခန့် ကြာမြင့်ခဲ့ပြီး ဆိုင်ကယ်ဖြင့်သွားပါက နာရီဝက်ခန့်သာ ကြာမည်ကြောင်း ကျောက်ဖြာကျေးရွာမှ ကိုစောတေဇာကပြောသည်။ **နေဇာ (ပိတောက်ရိပ်)**

(Coastal Voyage Shipowners' Association)

Ph: 09 333 33 790

အိမ်ရောင်းရန်ရှိသည်

ဘုရင့်နောင်လမ်း၊ ရန်ကြီးအောင်ရပ်ကွက်၊ ဈေးရှေ့တည့်တည့်၊ ရေးမြို့

စုံစမ်းရန် (၁) ဖုန်း-၀၉-၂၅၅၈၀၄၆၁၁

(၂) ဖုန်း-၀၉-၄၉၈၀၁၃၉၉

ငှားမည်

အိမ် - ပေ(၃၀×၄၅)(၂ထပ်)

မြေ - ပေ(၄၅×၅၅)(ဖုန်းပါ)

ရွှေဂုံတိုင်မီးပွိုင့်အနီး(၁၈သိန်း)

ဖုန်း-၀၉-၅၁၆၇၆၀၁၊ ၀၁-၅၀၇၄၄၁

SAYAR AUNG

TOP TEN TTA International Services Co., Ltd

မသဒ္ဒါမောင် ကြယ်စင်မှူးဝေ မယ်ခိုင် ပိုးစက်ပွင့် အလင်းသစ်

စံပြ ကမ္ဘကျေးရွာ မျက်စိဝေဒနာရှင်များအား အခမဲ့ ကုသပေး

မကွေး ဖေဖော်ဝါရီ ၁၁

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆရာတော် ဘဒ္ဒန္တဂုဏာလင်္ကာရ(အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ)နှင့် မကွေးတိုင်းဒေသကြီး ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းတို့၏ စီစဉ်မှုဖြင့် တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီက ပခုက္ကူမြို့နယ် စံပြကမ္ဘကျေးရွာ တိုက်နယ်ဆေးရုံ၌ ကျင်းပရာ အခမ်းအနားတွင် ရှေးဦးစွာဆရာတော် ဘဒ္ဒန္တဂုဏာလင်္ကာရက ဩဝါဒစကား ချီးမြှင့်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသပေးမှုနှင့်ပတ်သက်၍ တိုင်းကျန်းမာရေးဦးစီးဌာနမှ ရှင်းလင်းတင်ပြပြီး ဆရာတော်ဘဒ္ဒန္တဂုဏာလင်္ကာရက ဆေးရုံအတွက် သုံးသိန်းတန်ဖိုးရှိ အဲကွန်းနှင့် ခွဲစိတ်ပါရဂူ၊ ဆရာဝန်၊ သူနာပြုများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ မျက်စိခွဲစိတ်ထားသော လူနာရှင်များကိုယ်စား ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဆရာတော်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က မျက်စိခွဲစိတ်လူနာများအား မျက်မှန်များလှူဒါန်းတပ်ဆင်ပေးခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသပေးခြင်းသည် စတုတ္ထအကြိမ်မြောက်ဖြစ်ကြောင်း၊ ယခုအခမဲ့ခွဲစိတ်ကုသပေးမှုတွင် စံပြကမ္ဘကျေးရွာအုပ်စုအနီးရှိ ကျေးရွာ ၇၆ ရွာမှ မျက်စိဝေဒနာရှင် ၁၁၄၄ ဦးကို စမ်းသပ်ပေးခဲ့ပြီး ၂၆၅ဦးအားခွဲစိတ်ပေး၍ ၃၃၄ဦးအား မျက်မှန်တပ်ဆင်ပေးနိုင်ခဲ့ကြောင်း၊ ကျပ် ၁၂၅ သိန်း အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် မျက်စိခွဲစိတ်ပြီး အသက်(၇၃)နှစ်အရွယ် အဘွားတစ်ဦးက "ယခုလို အခမဲ့မျက်စိခွဲစိတ်ပေးလို့ အလင်းပြန်ရတာ အရမ်းဝမ်းသာမိတယ်၊ ဆောင်ရွက်ပေးတဲ့ အဖွဲ့က ထမင်းလည်း ကျွေးတယ်၊ နေစရာပါစီစဉ်ပေးတယ်၊ အခမဲ့လည်း ခွဲစိတ်ကုသပေးတယ်၊ ဒီတစ်သက် အဘွားမြေးလေးတွေကို မမြင်နိုင်တော့ဘူး ထင်ထားတာ အခုတော့ ပြန်မြင်ရတော့မှာမို့ ဝမ်းသာပျော်ရွှင်မိတယ်၊ ဆောင်ရွက်ပေးတဲ့ အဖွဲ့တွေကို အထူးကျေးဇူးတင်နေမိမှာပါ"ဟု ဝမ်းသာအားရ ပြောပြသည်။

တင်ထွန်းဦး(IPRD)

ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ ပြည်ထောင်စုနေ့တွင် ဗိုလ်လုပွဲ ကျင်းပသွားမည်

မိတ္ထီလာ ဖေဖော်ဝါရီ ၁၁

မိတ္ထီလာမြို့နယ် ရတနာမာရ်အောင် ရပ်ကွက် ကန်တော်မင်ရပ်အားကစားကွင်း၌ (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖိတ်ခေါ်ပိုက်ကျော်ခြင်း ပြိုင်ပွဲကို ဖေဖော်ဝါရီ ၆ ရက်မှ ၁၂ ရက် (ပြည်ထောင်စုနေ့) အထိ ကျင်းပလျက်ရှိကြောင်း ရတနာမာရ်အောင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ထွန်းက ပြောသည်။

"ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုတဲ့ အနေနဲ့ ဖိတ်ခေါ်ပိုက်ကျော်ခြင်း ပြိုင်ပွဲကျင်းပတာဖြစ်ပါတယ်။ လူငယ်တွေအနေနဲ့လည်း ခုနောက်ပိုင်း ပိုက်ကျော်ခြင်း အားကစားနည်းကို ပိုမိုစိတ်ဝင်စား လာတာတွေ့ရတယ်။ ဒါကြောင့် မျိုးဆက်သစ်လူငယ် ပိုက်ကျော်ခြင်း အားကစားသမားတွေရဲ့ အားကစားစွမ်းရည်ကို ပြသခွင့်ရအောင် ဖန်တီးပေးရာရောက်တာပေါ့။

"မိတ္ထီလာဒေသခံလူငယ် ပိုက်ကျော်ခြင်းအားကစားသမားတွေအပြင် သာစည်၊ ဝမ်းတွင်း၊ မလှိုင်မြို့နယ်များမှ လာရောက် ယှဉ်ပြိုင်ကစားနေကြပါတယ်။ ပြိုင်ပွဲဝင်စာရင်းပေးသွင်း ယှဉ်ပြိုင်နေတဲ့ အသင်းပေါင်း ၃၀ ကျော်ရှိပါတယ်။ ပြည်ထောင်စုနေ့(ဖေဖော်ဝါရီ ၁၂ ရက်)မှာ ဗိုလ်လုပွဲ ကျင်းပသွားမှာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲဗိုလ်လုပွဲတွင် တက်ရောက်ယှဉ်ပြိုင်ကြသည့် အသင်းနှစ်သင်းအား ပထမ၊ ဒုတိယဆုများချီးမြှင့်သွားမည်ဖြစ်ကာ ဆုကြေးငွေမှာ ပထမ ကျပ် ၂၂၅၀၀၀၊ ဒုတိယ ကျပ်၁၂၅၀၀၀ဖြစ် ကြောင်းသိရသည်။

ချမ်းသာ (မိတ္ထီလာ)

တောင်သူလုပ်ငန်းနားချိန် ရှားသီးကောက် ရောင်းသူများအပိုဝင်ငွေရ

မလှိုင် ဖေဖော်ဝါရီ ၁၁

တောင်သူလုပ်ငန်းနားချိန် တပို့တွဲ၊ တပေါင်းလများတွင် မလှိုင်မြို့နယ်အတွင်းရှိ ရေနီ၊ ကန်ကလေးကျေးရွာများမှ ဒေသခံလက်လုပ်လက်စားများ ရှားပင်မှ ရှားသီးများ ပုတ်၍ ရှားသီးကောက် ရောင်းချခြင်းဖြင့် အပိုဝင်ငွေရရှိနေကြောင်းသိရသည်။ မြို့နယ်အတွင်း နေရာဒေသအနှံ့အပြားရှိယာတောများတွင် ရှားပင်များသည် သဘာဝအလေ့ကျပေါက်ရောက်သောအပင်ဖြစ်သည်။ အညာဒေသတွင် ထန်းတောကြီးများပြီးလျှင် ဒုတိယအများဆုံးပေါက်သောအပင်မှာ ရှားပင်ဖြစ်သည်။ ရှားပင်မှာ မာကျောခိုင်ခံ့သဖြင့် ပင်စည်ကို လူနေအိမ်ဆောက်လုပ်ရန်အတွက် သစ်အဖြစ်အသုံးပြု၍ ကိုင်းဖျား ကိုင်းနားများကို ထင်းအဖြစ်အသုံးပြုကြသည်။ ရှားပင်မှ ရှားသီးများကို အခွံခွာ၍အစေ့ကို လူစားပြီး အခွံကိုနွားကျွေးရသည်။ "ရှားစေ့ကိုပြုတ်ပြီး သုပ်စားရပါတယ်၊ ကျွန်မတို့ရွာက ခေါင်းရွက်ဈေးသည်ဆီမှာအမြဲရောင်းပါတယ်၊ ရှားပြုတ်ရည်က နှမ်းဖတ်ရည်လိုပဲ နွားကျွေးလို့လဲရပါတယ်၊ ရှားစေ့တစ်ပြည်ကို ကျပ်၅၀၀ရောင်းရပြီး ရှားသီးအခွံတစ်တင်းကို နွားစာအဖြစ် ကျပ်၃၀၀ ရောင်းရပါတယ်၊ အစေ့များများရရင် သာစည်နယ်ဘက်ကို သွားရောင်းရပါတယ်၊ အပင်က ပေါများတော့ နေ့တွက်တော့ ရပါတယ်"ဟု ရေနီကျေးရွာက ဒေသခံတစ်ဦးက ပြောပြသည်။

ဓာတ်ပုံ-အောင်ဌေး(မလှိုင်)









ဝယ်လိုသည်

- ကားအပ်ပြီးစလစ်၊
- စ၊ ဆ မှ သ၊ အ၊ ၁ကအထိ အပ်ကား

ဖုန်း-၀၉-၄၄၈၀၀၇၃၇၇

SEVEN စံ

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိမြေကွက်များ ရောင်းလို၊ ဝယ်လိုပါသလား? SEVEN စံနဲ့ ဆက်သွယ်လိုက်ပါ။ အိမ်အရောက် ငွေပေးချေသည်။ ပွဲခ လုံးဝမယူပါ။

ဖုန်း-၀၁-၂၀၅၇၄၈
၀၉-၃၃၃၃၃၅၁၄
၀၉-၇၃၁၁၉၀၉၉

ဧရာဝတီမြစ်ကမ်းနားတစ်လျှောက် သဲသောင်ခုံပိတ်ဆို့မှုမရှိ စစ်ကိုင်းမြို့ရပ်ကွက်ရေပေးဝေရေးလုပ်ငန်းများလွယ်ကူ

ငွေကြေးအမြတ်အစွန်းကို ရပ်ကွက်ဖွံ့ဖြိုးရေးအတွက် ပြန်လည်အသုံးချ

စစ်ကိုင်း ဖေဖော်ဝါရီ ၁၁

ယခုနှစ်တွင် ဧရာဝတီမြစ်ရေကျဆင်းသွားပြီးနောက် မြစ်ပြင်အတွင်းတွင် သဲသောင်ပြင်များစွာ ဖြစ်ထွန်းလာခဲ့သော်လည်း စစ်ကိုင်းမြို့၏ မြစ်ကမ်းနားဝန်းကျင်တွင် ရေကြောင်းပေါက်နေသဖြင့် မြို့မရေပေးဝေရေးဆောင်ရွက်လျက်ရှိသည့် ကိုယ်ထူကိုယ်ထ ရပ်ကွက်နေ ရေပေးဝေရေး လုပ်ငန်းများအနေဖြင့် ယခုနှစ် နွေရာသီကာလတွင် ရေပေးဝေရန် အခက်အခဲမရှိနိုင်ကြောင်း သိရသည်။ စစ်ကိုင်းမြို့ပေါ်တွင် ရပ်ကွက်ပြည်သူများ သောက်ရေသုံးရေရရှိရေးအတွက် ရပ်ကွက်အသီးသီးတွင် ၁၉၉၀ ခုနှစ်ဝန်းကျင်မှစတင်၍ ကိုယ်ထူကိုယ်ထရပ်ကွက်ရေပေးဝေရေး လုပ်ငန်းများကို တည်ထောင်ခဲ့ကြကြောင်း၊ ရပ်ကွက်များအတွင်း ပိုက်လိုင်းများသွယ်တန်း၍ ဧရာဝတီမြစ်မှ မြစ်ရေများကို ရေစုပ်စက်များဖြင့် စုပ်တင်ကာ ရေပေးဝေလာခဲ့ကြကြောင်း သိရသည်။

ယခုအခါ စစ်ကိုင်းမြို့ ရပ်ကွက်များဖြစ်သည့် စိန်ကုန်းရပ်ကွက်၊ မြို့သစ်ရပ်ကွက်၊ မင်းလမ်းရပ်ကွက်၊ ပန်းဘဲတန်းရပ်ကွက်၊ တကောင်းရပ်ကွက်၊ ပိုးတန်းရပ်ကွက်၊ ဧမြဝတီရပ်ကွက်၊ ရွှေမင်းဝံရပ်ကွက်၊ ဇေယျာကွက်သစ်ရပ်ကွက်၊ ပါရမီရပ်ကွက်နှင့် ရွာသစ်ကြီးကျေးရွာများသည် ကိုယ်ထူကိုယ်ထ ရေပေးဝေရေးလုပ်ငန်းများ အပြင် ဟွန်ဒါမြန်မာကုမ္ပဏီက နီလာရပ်ကွက်၊ ပတ္တမြားရပ်ကွက်၊ မြရတနာရပ်ကွက် တို့ကိုလည်း ရေပေးဝေလျက်ကြောင်း သိရသည်။ စစ်ကိုင်းမြို့နယ်တွင် ရပ်ကွက်ရေပေးဝေရေးလုပ်ငန်းများမှ ရေရယူသုံးစွဲလျက်ရှိသည့် ရေတိုင် ပေါင်း ၅၀၂၇၄ တိုင်ရှိကြောင်း၊ ရပ်ကွက်ကိုယ်ထူကိုယ်ထ ရေပေးဝေရေး လုပ်ငန်းများအနေဖြင့် မြို့နယ်စည်ပင် သာယာရေးအဖွဲ့သို့ နှစ်စဉ်ကြေး လိုင်စင်ခများအပြင် လစဉ်ကြေးအဖြစ် ရေတိုင်တစ်တိုင်လျှင် ကျပ်၅၀နှုန်းပေး ဆောင်နေကြရကြောင်း မြို့နယ်စည်ပင် သာယာရေးကော်မတီမှ ထုတ်ပြန်ချက် စာရင်းဇယားများအရ သိရသည်။

"စိန်ကုန်းရပ်ကွက်၊ ရပ်ကွက်ဖွံ့ဖြိုးရေးနှင့် ရေဖြန့်ဖြူးရေးကော်မတီအနေနဲ့ ရေလစဉ်ကြေးအဖြစ် ရေတစ်ယူနစ်ကို ငွေကျပ်၁၂၀ နှုန်းနဲ့ကောက်ခံပါတယ်။ ရေလစဉ်ကြေးကောက်ခံတဲ့အခါ ရေတိုင်တစ်တိုင်ကို စည်ပင်သာယာ လစဉ်ကြေးကျပ် ၅၀ ကိုလည်း တစ်ပါတည်း ကောက်ခံပေးရပါတယ်။ အရင်နှစ်တွေက ဧရာဝတီမြစ်ရေကျဆင်းချိန်မှာ စစ်ကိုင်းကမ်းနားတစ်လျှောက် သဲသောင်တွေ ပိတ်ဆို့ထွန်းလေ့ရှိတဲ့အတွက် ရေပေးဝေရတာ ခက်ခဲပါတယ်။ ဒီနှစ်တော့ စစ်ကိုင်းကမ်းနားတစ်လျှောက်မှာ သဲသောင်တွေ ပိတ်ဆို့ဖြစ်ထွန်းတာ မတွေ့ရတဲ့အတွက် ရေပေးဝေရေးလုပ်ငန်းတွေ အခက်အခဲသိပ်မရှိနိုင်ပါဘူး။ ရေတင်စက်တွေက လျှပ်စစ်သုံးမော်တာတွေဖြစ်တဲ့အတွက် နွေရာသီမှာ လျှပ်စစ်မီး ပြတ်တောက်မှု မရှိဖို့ဘဲလိုအပ်ပါတယ်။ ရပ်ကွက်ရေပေးဝေရေးလုပ်ငန်းက ရရှိတဲ့ ငွေကြေးအမြတ်အစွန်းကို ရပ်ကွက် ဖွံ့ဖြိုးရေးအတွက် ပြန်လည်အသုံးချကြပါတယ်" ဟု စိန်ကုန်းရပ်ကွက်ရေပေးဝေရေးကော်မတီဝင် ဦးစက်ဝင်းက ပြောသည်။

ယခင်နှစ်များက ဧရာဝတီမြစ်ရေကျဆင်းသွားချိန်တွင် စစ်ကိုင်းမြို့ဝန်းကျင်ကမ်းနားပိုင်းတစ်လျှောက်တွင် သဲသောင်ခုံကြီးများ ဖြစ်ထွန်းခဲ့သဖြင့် ရပ်ကွက်မြစ်ရေတင်လုပ်ငန်းများ မြစ်ရေစုပ်တင်ရန် ခက်ခဲမှုရှိခဲ့ကြောင်း၊ သဲသောင်ပြင်ကို ဖြတ်ကျော်၍ ပိုက်လိုင်းမီးလိုင်းများ ရှည်လျားစွာ သွယ်တန်းပြီးရေတင်ရခြင်း၊ ရေတင်စက်အဆင့်ဆင့်ဖြင့် မောင်းနှင်၍ ရေပို့လွှတ်ပေးရခြင်းများ ရှိခဲ့ကြောင်း နွေရာသီကာလတွင် လျှပ်စစ်မီးပြတ်တောက်ခြင်းကြောင့် ငွေကြေးပိုမိုကုန်ကျမှု၊ လုပ်ငန်းခက်ခဲမှုများလည်း ရှိခဲ့သည်။ ယခုနှစ်တွင် စစ်ကိုင်းမြို့မြစ်ကမ်းနားတစ်လျှောက်၌ သဲသောင်ပြင်များ ပိတ်ဆို့မှုမရှိသဖြင့် သင်္ဘောများ လွယ်ကူစွာဆိုက် ကပ်သွားလာနိုင်ပြီး မြို့မရပ်ကွက် ရေပေးဝေရေး လုပ်ငန်းများအတွက်လည်း အဆင်ပြေနေပြီ ဖြစ်သည်။

နန္ဒာမင်းလွင်

ပုလဲသွယ် နွေစပါးစိုက်တောင်သူများအား ပညာပေးဆွေးနွေး

ကော့သောင်း ဖေဖော်ဝါရီ ၁၁

ကော့သောင်းခရိုင်နှင့်မြို့နယ် လယ်ယာစိုက်ပျိုးရေးဦးစီးဌာနမှ ပုလဲသွယ်နွေစပါးစိုက် တောင်သူများနှင့် ပညာပေးဆွေးနွေးခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၇ ရက် ညနေ ၃ နာရီက ကော့သောင်းမြို့ မလိဝမ်းကျေးရွာအုပ်စု တောင်သူဦးအုန်းသော်၏ ပုလဲသွယ်နွေစပါးစိုက်ခင်းသို့ ကွင်းဆင်းဆောင်ရွက်သည်။

ကော့သောင်းမြို့ စိုက်ပျိုးရေးဦးစီးဌာန နယ်စပ်ပိုးမွှားထိန်းချုပ်ရေးစခန်းမှ ပိုးမွှားရောဂါပညာရှင်နှင့် မြို့နယ်ဦးစီးမှူးရုံးမှ စိုက်ပညာရှင်တာဝန်ရှိဝန်ထမ်းများ ပူးပေါင်းအဖွဲ့သည် ကော့သောင်းမြို့နယ် မလိဝမ်းကျေးရွာအုပ်စုရှိ တောင်သူဦးအုန်းသော်၏ ပေါင်ဖြင့် ပျိုးထောင်စိုက်ပျိုးထားသည့် ပုလဲသွယ်နွေစပါး သုံးဧကနှင့် ပျိုးထောင်ပြီး နှစ်ဧကစိုက်ခင်းသို့ ကွင်းဆင်း၍ နီးစပ်ရာတောင်သူများအား ပိုးမွှားရောဂါကြိုတင်ကာကွယ်နည်းနှင့် သွင်း အားစုများ စနစ်တကျ ထည့်သွင်းနည်းစနစ်များကို အသိပညာပေး ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ကျော်စိုး-ကော့သောင်း

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

သတင်းတို

အထက-၂ သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်

ကလေး ဖေဖော်ဝါရီ ၁၁

ကလေးမြို့တွင် အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်းရှိသည့်အနက် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းတွင် အထက်တန်းဆင့် ၃၆၂ ဦးနှင့် အလယ်တန်းဆင့် ၁၁၅၀ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၄၁၂ ဦးတို့ ပညာသင်ယူနေကြပြီး စာသင်ခန်း လုံလောက်မှုမရှိသဖြင့် နှစ်သုတ်ခွဲ၍ ကျောင်းတက်စာသင်နေကြပါသည်။

သို့ဖြစ်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေကျပ်သိန်းပေါင်း ၁၂၂၄ သိန်းနှင့် ပြည်သူထည့်ဝင်ငွေများဖြင့် Steel Structure သံကူကွန်ကရစ်အမျိုးအစား အရှည် ပေ ၁၇၀၊ အကျယ် ပေ ၃၀ရှိ သုံးထပ်ကျောင်းဆောင်သစ်ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလဆန်းပိုင်းမှ စတင်ဆောက်လုပ်လျက်ရှိသည်။

ယခုအချိန်တွင် စာသင်ဆောင်ခြောက်ဆောင်၌ စာသင်ခန်း ၅၀သာ အသုံးပြုနိုင်ခဲ့ရာ ယင်းသုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးပါက လိုအပ်သည့် စာသင်ခန်း ၇၅ ခန်းကို ထပ်မံအသုံးပြု နိုင်မည်ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် နှစ်သုတ်ခွဲ၍ ကျောင်းတက်ရန်မလိုတော့ဘဲ တစ်သုတ်တည်းဖြင့် ကျောင်းတက်နိုင်ကြတော့မည် ဖြစ်သည်။

သို့ဖြစ်၍ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများက အလွန်ဝမ်းမြောက်ပီတိ ဖြစ်နေကြကြောင်း သိရသည်။

ဂျိုးနက်

ပန်းလှိုင်ဂေါက်ကွင်းအတွင်းရှိ
ကွန်ဒိုဝယ်လိုသည်။ (မြေညီမလို)
တိုက် A,B,C
ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။ ပွဲစားမလို။
ဖုန်း-၀၉-၇၃၁၃၆၇၁၁



စက်ရုံ၊ အလုပ်ရုံ ပိုင်ရှင်များအား အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံတောင် စက်မှုဇုန်အမှတ်(၂) စီမံခန့်ခွဲရေးကော်မတီမှ နှစ်စဉ်စက်ရုံ၊ အလုပ်ရုံပိုင်ရှင်များထံမှ ဇုန်ကော်မတီဖွံ့ဖြိုးရေးရန်ပုံငွေကြေးများကို ကောက်ခံလျက်ရှိပါသည်။ ၂၀၁၃ခုနှစ်အတွက် ပေးသွင်းရန်ကျန်ရှိနေသေးသော စက်ရုံ၊ အလုပ်ရုံ ပိုင်ရှင်များသည် ၂၈-၂-၂၀၁၄ ရက် နောက်ဆုံးထား၍လာရောက်ပေးသွင်းပါရန်နှင့် ပေးသွင်းရန်(ပျက်ကွက်)ပါက တိုးမြှင့်သတ်မှတ်နှုန်းထားအတိုင်း ကြွေးကျန်များကို ပေးသွင်းရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက စက်မှုဇုန်ဥက္ကဋ္ဌနှင့် လာရောက်ဆွေးနွေးနိုင်ပါသည်။

စက်မှုဇုန်အမှတ်(၂) စီမံခန့်ခွဲရေးကော်မတီ
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်

အမည်ပြောင်း

ကော့သောင်းမြို့၊ လ အဏ္ဏဝါ သတ္တမတန်း(B)တွင် ပညာသင်ကြားနေသော အဘဦးအောင်ကြိုမိုး၏သားဖြစ်သူ မောင်အောင်သူရထက်ပိုင်အား မောင်အောင်ဘုန်းထက်ပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။



အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ရွာသစ်(၁)လမ်း၊ မြေကွက်လိပ်စာ-၂၆၆(ခ)၊ မြေကွက်အမှတ်-၂၆၆(ခ)ဟုခေါ်တွင်သော ပေ(၂၀×၆၀)မြေကွက်နှင့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်တိုက်ခံ(၂)ထပ်လူနေအိမ်အပါအဝင်ဆက်စပ်တွယ်ကပ်ပစ္စည်းအားလုံးနှင့်ပတ်သက်၍

"ကန့်ကွက်နိုင်ပါသည်"

အထက်ဖော်ပြပါမြေနှင့် လူနေအိမ်အားနှစ်(၆၀)အမည်ပေါက်မြေငှားဂရန်စာချုပ်ပိုင်ရှင် ဒေါ်စပါယ်အောင်[၉/ပသန(နိုင်)၀၈၃၆၆၈]ကိုင်ဆောင်သူမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် တန်ဖိုးတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အိမ်အား ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘိုကြည် (B.A,H.G.P)
အကျိုးဆောင်ရှေ့နေ(စဉ်-၁၉၁၀၇)
ရုံး - ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်
အိမ်- မ-၆၇၊ က(၂)လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်

၁၉ နှစ်ကြာမကျင်းပဖြစ်ခဲ့သော ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပြန်လည်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

သာသနာတော်အရှည်တည်တံ့ခိုင်မြဲရေးနှင့် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းလုပ်ထုံး လုပ်နည်းစသည်တို့ကို ပြင်ဆင်ရှင်းလင်းလျှောက်ထားရန် ၁၉ နှစ်ကြာ မကျင်းပဖြစ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကို ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင် ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်ရှိ ရန်ကုန်တိုင်း သံဃာ့မေ့ာ ရုံ၌ ကျင်းပခဲ့သည်။

> ဂိုဏ်းပေါင်းစုံက ဆရာတော်တွေကို တစုတဝေးတည်း ဖူးမြော်ရလို့ အလွန်ဝမ်းသာ . . .

ပြောင်းလဲလာသည့် အခြေအနေနှင့် ခေတ်စနစ်အရ သံဃာ့အဖွဲ့အစည်းများ၏ လုပ်ထုံးလုပ်နည်းများ၊ အခြေခံစည်းမျဉ်းစသည်များကို ပြင်ဆင်ရန် မတ် ၁၈ ရက်နောက်ဆုံးထား၍ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့တိုင်းဒေသကြီး သံဃာ့နာယကထံ ပေးပို့ရန် လိုအပ်ကြောင်း အဆိုပါ အစည်းအဝေးမှသိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက "ဒီနေရာမှ ဂိုဏ်းပေါင်းစုံက ဆရာတော်တွေကို တစုတဝေးတည်း ဖူးမြော်ရလို့ အလွန်ဝမ်းသာပီတိဖြစ်ရပါတယ်။ သံဃာ့အဖွဲ့အစည်းအသီးသီးရဲ့ အရှည်တည်တံ့ခိုင်မြဲဖို့ လုပ်ထုံးလုပ်နည်းတွေကို ပြင်ဆင်၊ ဖြည့်စွမ်း၊ ပယ်ဖျက်နိုင်ဖို့လာမယ့် ၂၀၁၄ ခုနှစ် မေလထဲမှာလည်း နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့အစည်းအဝေးကြီးကို ပြုလုပ်သွားဖို့ရှိပါတယ်"ဟု ကြွရောက်လာသည့် ဆရာတော် အရှင်သူမြတ်များကို လျှောက်ထားခဲ့သည်။

ယခင်က ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးများကို ၁၉၈၀ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၈၅ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၉၉၀ ခုနှစ်တွင် တတိယအကြိမ်၊ ၁၉၉၅ ခုနှစ်တွင် စတုတ္ထအကြိမ်အဖြစ် ငါးနှစ်လျှင် တစ်ကြိမ်ကျင်းပခဲ့သော်လည်း အကြောင်းအမျိုးမျိုးနှင့် အခြေအနေအရပ်ရပ်ကြောင့် ၁၉နှစ်ကြာမှသာ ပဉ္စမအကြိမ်ကို ပြန်လည်ကျင်းပခြင်းဖြစ်သည်။ ယခင်က ကျင်းပခဲ့သော ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးများမှ တက်ရောက်လာသောဆရာတော်အပါး ၁၀၀၀ ကျော်မှ နိုင်ငံတော်သံဃာ့နာယက ဆရာတော် ၄၇ပါးအဖြစ် အဆင့်ဆင့် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သံဃာ့နာယကဥက္ကဋ္ဌက မိန့်ကြားသည်။

အဆိုပါအစည်းအဝေးသို့ ဖိတ်ကြားထားသည့် ဂိုဏ်းပေါင်းစုံမှဆရာတော်အပါး ၁၀၀၀ ကျော်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဌာနဆိုင်ရာမှ အရာရှိများ၊ အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

တင်မောင်ဦး

ထူးခြားအံ့သြဖွယ် သုံးမြှာပူးနွားကလေးမွေးဖွား

ဆီဆိုင် ဖေဖော်ဝါရီ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စု ပင်ငိုကျေးရွာ၌ ထူးခြားစွာဖြင့် သုံးမြွှာပူးနွားကလေးများ မွေးဖွားကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စု ပင်ငိုကျေးရွာတွင် ခွန်တိခွန်-ဒေါ်နန်းကြင် ပိုင်ဆိုင်သော အသက် (၆)နှစ်အရွယ်ရှိ ဒေသနွားမတစ်ကောင်မှ ဖေဖော်ဝါရီ ၅ ရက် နံနက် ၇ နာရီခန့်တွင် နွားမကလေး သုံးမြွှာပူးအောင်မြင်စွာမွေးဖွားခဲ့ပြီး အဆိုပါ အမြွှာပူးနွားမကလေး သုံးကောင်သည် တစ်ကောင်နှင့် တစ်ကောင် နှစ်မိနစ်ခန့်ခြား မွေးဖွားခဲ့ကြောင်း နွားပိုင်ရှင် ခွန်တိခွန်ထံမှ သိရသည်။

အဆိုပါ နွားမနှင့် နွားကလေးကျန်းမာရေးအတွက် ဆီဆိုင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါက်တာစိုင်းသက်နောင်က ကျန်းမာရေး စောင့်ရှောက်ပေးလျက်ရှိကြောင်းသိရသည်။ နွားမနှင့် နွားကလေးများသည် ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်းနှင့် ဆီဆိုင်မြို့နယ်တွင် ပထမဆုံးအကြိမ် မွေးဖွားခြင်းဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးမှူးက ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

မကွေး ကစားစရာဈေးကွက်သို့ရွှံ့ထည်ပစ္စည်းများ ဝင်ရောက်

မကွေး ဖေဖော်ဝါရီ ၁၁

မကွေး ကလေးကစားစရာဈေးကွက်တွင် ပြည်ပမှ ဝင်ရောက်လာသော ပစ္စည်းများနှင့်အပြိုင် မြန်မာရိုးရာလက်မှုပညာဖြင့် ပြုလုပ်သော ရွှံ့ထည်ကစားစရာ ပစ္စည်းများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိကြောင်းသိရသည်။

မကွေးမြို့နယ်အတွင်းရှိ ဈေးနှင့် ရပ်ကွက်၊ကျေးရွာများ၏ ကုန်စုံဆိုင်များတွင် ရွှံ့ထည်သောက်ရေအိုး၊မြေအိုး၊ ဘုရားပန်းအိုးများနှင့်အတူ ကစားစရာအိုးပုတ်၊ ချိုးရုပ်များနှင့် အခြားကစားစရာများကို အများအပြားမှာယူရောင်းချလျက်ရှိကြောင်း သိရသည်။

ယင်းရွှံ့ထည် ကစားစရာများကို အုတ်လုပ်ငန်းလုပ်ကိုင်ကြသည့် မကွေး၊ မင်းဘူး၊ မင်းလှ၊ စလင်းနှင့် ပွင့်ဖြူမြို့နယ်များရှိ ကျေးရွာများမှ အဓိကပြုလုပ်၍ ဈေးကွက်တင်ပို့ကြရာ ယခုနှစ်နောက်ပိုင်း ရွှံ့ထည်ပစ္စည်းများတွင် သုံးသော စဉ့်ဆေးရှားပါးလာကာ ဈေးနှုန်းမြင့်မားမှုကြောင့် မြေထည်များကို စဉ့်ဆေး၊ ကြွေဆေးမသုတ်ဘဲ အကြမ်းထည်သက်သက်ဖြင့် တင်ပို့ရောင်းချရကြောင်း သိရသည်။ 'အရင်တုန်းကလို အထည်တွေကို စဉ့်ဆေး၊ ကြွေဆေး မသုတ်တော့ဘဲ အခုနောက်ပိုင်းမှာ အကြမ်းထည်အတိုင်း သပ်သပ်ရပ်ရပ်လုပ်ပြီး ရောင်းချပါတယ်။ ကြွေမသုတ်၊ စဉ့်မသုတ်ပေမယ့် အထည်တွေကို ရွှံ့သားကောင်းကောင်း နှပ်ပြီးမီးသင့်အောင်ဖုတ် ထားတဲ့ အတွက်ဒေါင်ဒေါင်မြည်အောင်ခိုင် ခံ့ပါတယ်' ဟု မင်းဘူးမြို့နယ်ဖလမ်ရုံကျေးရွာမှ အိုးပုတ်၊ ချိုးရုပ်ပြုလုပ် ရောင်းချသူတစ်ဦးက ပြောသည်။

မကွေး ကစားစရာ ရွှံ့ထည်ပစ္စည်း ဈေးကွက်တွင် အိုးဘုတ်၊ ချိုးရုပ်၊ စုဘူး၊ ရေနွေးကရားငယ်နှင့် ပုံစံတူကလေးကစားစရာပစ္စည်းများကို ကျပ်၁၀၀ မှ ကျပ် ၃၀၀ အထိရောင်းချလျက်ရှိပြီး ဒေသခံမိဘများကလည်း မိမိတို့၏ကလေးငယ်များအတွက် တန်ဖိုးနည်း၍ အန္တရာယ်ကင်းသော ရိုးရာလက်မှုကလေးကစားစရာပစ္စည်းများကို ဝယ်ယူအားပေးလျက်ရှိကြောင်း သိရှိရသည်။

ဖူးပွင့်နေခြည်(မကွေး)

မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

သံတွဲ ဖေဖော်ဝါရီ ၁၁ ။

သံတွဲမြို့ ဒွါရာဝတီမြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဇန်နဝါရီ ၃၀ ရက်တွင် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ အဖွဲ့ဝန်ထမ်းများဖြင့် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်မှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်၊ ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးသန်းထွန်း၊ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်၊ စည်ပင်ကော်မတီနှင့် ဈေးကော်မတီဝင်များက ကြီးကြပ်ဆောင်ရွက်ပြီး မီးသတ်ယာဉ်များဖြင့် ရေပက်ဖျန်း၍ မီးငြိမ်းသတ်ခြင်းကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကြေးမုံ



ဟိတေသီ ဒုလ္လဘစာရင်းပေးသွင်းနိုင်ပြီ

မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၄၆)ကြိမ်မြောက် ဟိတေသီမိသားစု၏ စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်အလှူတော်ကို ၆-၄-၂၀၁၄ ရက် တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပါဝင်လိုသော ဟိတေသီမိသားစု များသည် ၁၅-၃-၂၀၁၄ ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်း နိုင်ပါသည်။

ဟိတေသီဒုလ္လဘကော်မတီ



စစ်ကိုင်း သမဝါယမတက္ကသိုလ် ပဉ္စမအကြိမ်မြောက် ကျောင်းသား/ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

စစ်ကိုင်းသမဝါယမတက္ကသိုလ်၏ ပဉ္စမအကြိမ်မြောက်ကျောင်းသား/ကျောင်းသူ ဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအခမ်းအနားကို ၂-၃-၂၀၁၄ (တနင်္ဂနွေနေ့)တွင် စစ်ကိုင်းမြို့သမဝါယမတက္ကသိုလ် မြသရဖီခန်းမ၌ နံနက် ၉ နာရီမှ ၁၂နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား/ကျောင်းသူဟောင်းများအနေဖြင့် မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အောက်ဖော်ပြပါ သူငယ်ချင်းများထံသို့ အလှူ ငွေများ ထည့်ဝင်လှူဒါန်းနိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(၁)ကိုဂျေကြီး(စစ်ကိုင်း)၀၉-၄၃၁၁၂၉၅၉၊ (၂)မမိုးမိုးခိုင်(စစ်ကိုင်း)၀၉-၄၀၂၆၃၀၄၂၈၊ (၃)ကိုနေမင်းထွန်း(မန္တလေး)၀၉-၂၀၀၉၂၀၆၊ (၄)ကိုထွန်းထွန်းဝင်း(မုံရွာ)၀၉-၂၁၁၀၅၇၄၊ (၅)ကိုဇော်လတ်(ကျောက်ဆည်)၀၉-၄၃၁၅၈၄၈၈၊ (၆)ကိုဘိုဘိုဟန် (ရွှေဘို)၀၉-၄၀၀၄၀၃၂၀၀၊ (၇)မခင်စန္ဒာမြင့်(ပခုက္ကူ)၀၉-၃၃၁၇၅၅၁၃၊ (၈)ကိုကျော် စိုးလတ်(ရန်ကုန်)၀၉-၇၃၀၅၁၆၂

အထက ကင်းမော် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

အထက ကင်းမော်၊ သံတွဲမြို့နယ်၊ ကျောင်းသား/ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား/ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်-၂၃-၃-၂၀၁၄(တနင်္ဂနွေနေ့)၊ ကျင်းပမည့်အချိန်-နံနက် ၈နာရီ၊ ကျင်းပမည့်နေရာ-မူလမင်းကွန်းဓမ္မရိပ်သာ၊ နဝရတ်(၂)လမ်း၊ ၉-ရပ်ကွက်၊ သာကေတ။ [၃၄ မိနီဘတ်(စ်)ဂိတ်ဆုံး] ဆက်သွယ်စုံစမ်းရန်နှင့် အလှူငွေထည့်ဝင်ရန် -ဒေါ်ခင်မြကြည် ၀၉-၄၂၀၁၇၅၀၉၇၊ ဒေါ်ခင်လှမြင့် ၀၉-၇၃၀၇၂၁၉၁၊ ဒေါ်ခင်သိန်း ၀၉-၅၁၂၂၃၁၆၊ ဦးသိန်းညွန့် ၀၉-၇၃၀၁၀၇၆၄၊ ဦးလှမြင့် ၀၉-၄၂၀၁၃၆၅၅၇၊ ကိုခင်မောင်သန်း ၀၉-၇၃၀၀၂၀၈၄၊ ကိုဝင်းကြိုင် ၀၉-၈၅၀၁၇၄၂၊ ကိုမြင့်ဦး ၀၉-၅၁၂၈၇၁၉၊ မစန္ဒာမိမိငြိမ်း ၀၉-၄၂၀၄၆၂၈၇၊ မယုယုမော် ၀၉-၄၃၁၄၉၅၇၄၊ မမေသက်အောင် ၀၉-၁၅၀၅၀၇၄၅၁ အလှူငွေများကို Bank Account No. 0911220008173(KBZ Bank-Thamine Branch)သို့ ထည့်ဝင်လှူဒါန်းနိုင်ပြီး မရီရီဦး ၀၉-၂၅၀၁၇၂၉၅၈၊ မထားထားနိုင် ၀၉-၃၁၃၅၆၅၄သို့ အကြောင်းကြားပေးပါရန်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

တွံတေးမြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားခြင်း

တွံတေးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ/သားများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် ။ ။ ၁၆-၂-၂၀၁၄(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် ။ ။ နံနက် ၈း၀၀နာရီ
ကျင်းပမည့်နေရာ ။ ။ ဆိပ်ကမ်းလုပ်သားပေါင်းစုံမွှာရုံကြီး။
ဗိုလ်တထောင် စေတီတော်ရင်ပြင်၊
ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။

အမှုဆောင်အဖွဲ့

ဆေးဖက်ဝင်နဂါးမောက်ပင် ကလေးမြို့၌ ဖြစ်ထွန်းအောင်မြင်လျက်ရှိ

ကလေး ဖေဖော်ဝါရီ ၁၁

နဂါးမောက်ပင်များသည် ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နိုင်ငံများတွင် စီးပွားဖြစ်စိုက်ပျိုးကြပြီး မြန်မာနိုင်ငံတွင်လည်း တချို့ဒေသများတွင် စီးပွားဖြစ် စိုက်ပျိုးအောင်မြင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ငဖားကျေးရွာအုပ်စု ဟဲလုတ်ကျေးရွာအနီး အာရှပတ်လမ်းမကြီးဘေးတွင် ကလေးမြို့နေ ရွှေယမင်းချင်းရိုးရာအထည်ဆိုင်ပိုင်ရှင် ဦးဝင်းကြိုင်က စီးပွားဖြစ်စိုက်ပျိုးထားသော နဂါးမောက်စိုက်ခင်းကြီးသည် အလွန်ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။

ယင်းစိုက်ခင်းတွင် နဂါးမောက်ပင်များကို သံကူကွန်ကရစ်တိုင်စိုက်ထူနည်းနှင့် သစ်မာတိုင်ထူ အတန်းလိုက်စိုက်နည်းဖြင့် စုစုပေါင်း ငါးဧကအား ၂၀၀၈ ခုနှစ်မှစတင်စိုက်ပျိုးလျက်ရှိရာ ၂၀၁၁ ခုနှစ် ဇွန်လကုန်ပိုင်းတွင် အသီးများစတင်သီးလာပြီး ယင်းနှစ်တွင် နဂါးမောက်သီး ရောင်းရငွေ စုစုပေါင်း ငွေကျပ် ၁၅ သိန်းကျော်ရရှိခဲ့ပြီး ယခုအချိန်တွင် နဂါးမောက်သီးနှင့် နဂါးမောက် မျိုးကိုင်းပင်များပါ ရောင်းချရလျက်ရှိရာ ၂၀၁၂ ခုနှစ်တွင် ငွေကျပ် သိန်း ၃၀ ကျော်၊ ၂၀၁၃ခုနှစ်တွင် ငွေကျပ် ၇၅ သိန်းကျော် ဝင်ငွေရရှိခဲ့ကြောင်းသိရသည်။

နဂါးမောက်သီးများတွင် ဗီတာမင်စီနှင့် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်သည့်အပြင် လိုင်ကိုပိန်းဓာတ်အမျိုးများစွာ ကြွယ်ဝခြင်းကြောင့် အရွယ်တင်နုပျိုဆေးဖြစ်ပြီး အသီးတွင် အန်တီအောက်ဆီးဒင့်ဓာတ် အများဆုံးပါဝင်သဖြင့် ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ လေသင်တုန်းရောဂါနှင့် လေဖြတ်ရောဂါများကို ပျောက်ကင်းစေသည်။

ထို့အပြင် အဆိပ်အတောက်ဖြစ်စေသော Heavy Metal များချေဖျက်ပေးသဖြင့် ကိုလက်စထရောများကို လျော့ကျစေသည့်အပြင် ချောင်းဆိုးရင်ကျပ်ရောဂါများကိုလည်း သက်သာပျောက်ကင်းစေပြီး အစာအိမ်အတွင်းရှိ အဆိပ်ဓာတ်များကိုချေဖျက်နိုင်စွမ်းရှိခြင်း၊ အဆီဓာတ်များကိုလျှော့ချနိုင်စွမ်းရှိခြင်း၊ မှတ်ဉာဏ်နှင့် မျက်လုံးအားကောင်းစေခြင်း၊ သွားနှင့်အရိုးများခိုင်မာစေခြင်း၊ ဒဏ်ရာများကိုသက်သာပျောက်ကင်းစေခြင်းတို့ကြောင့် လူတိုင်းစားသုံးမှီဝဲသင့်သည့် အလွန်ဆေးဖက်ဝင်အသီးဖြစ်ပြီး နာလန်ထလူမမာများအတွက် အထူးသင့်လျော်သည်။

နဂါးမောက်သီးတွင် အစွမ်းအာနိသင်ထက်မြက်စေသည့် အန်တီအောက်ဆီးဒင့်ဓာတ် အပြည့်အဝပါဝင်သည့်အတွက် စိတ်ဖိစီးမှုနှင့် ဆက်နွှယ်နေသော ရောဂါများကို ပျောက်ကင်းစေနိုင်ပြီး အမေရိကတိုက်အလယ်ပိုင်းမှ ဒေသခံတိုင်းရင်းသားများသည် မျက်စိမှုန်ခြင်း၊ ဆီးချိုရောဂါနှင့် ဒူလာရောဂါများကို ကုသရာတွင် နဂါးမောက်သီးကို ဆေးစွမ်းထက်အသီးအဖြစ် အသုံးပြုကြကြောင်း သိရသည်။ **ဂျူနိုင်း**

သတင်းတို

ကျန်းမာရေးစောင့်ရှောက်မှု တိုက်နယ်ဆေးရုံ ဆောက်လုပ်ရန်အတွက် မြေနေရာလှူ

စဥ့်ကိုင် ဖေဖော်ဝါရီ ၁၁

ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေးကို တစ်ထောင့်တစ်နေရာမှ ကူညီဆောင်ရွက်ပေးနိုင်ရန် တိုက်နယ်ဆေးရုံ ဆောက်လုပ်နိုင်ရန်အတွက် စဥ့်ကိုင်မြို့နယ်နှင့် ၁၇ မိုင်ကျော်ကွာဝေးသည့် မီးသွေးဘုတ်ကျေးရွာအုပ်စု ကန်အောက်ကျေးရွာတွင် မြေနေရာအတွက် မြေလေးဧက လှူဒါန်းပွဲကို ရွာဦးဘုန်းကြီးကျောင်း ဓမ္မာရုံ၌ ဖေဖော်ဝါရီ ၈ရက် နံနက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းတို့က အမှာစကားများ ပြောကြားကြပြီး မြေအလှူရှင် ဦးရင်သွေးက မြေလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ လှူဒါန်းမြေနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ပလိပ်တိုက်နယ်ဆေးရုံ ဒေါက်တာ နေအောင်ဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တိုက်နယ်ဆေးရုံ ဆောက်လုပ်ရန်အတွက် မြေနေရာလှူဒါန်းသော မီးသွေးဘုတ်ကျေးရွာအုပ်စုသည် ကျေးရွာပေါင်း ၁၂ ရွာနှင့် ဖွဲ့စည်းထားပြီး စဥ့်ကိုင်မြို့နှင့် ၁၇ မိုင်ကျော်ကွာဝေးသဖြင့် ကျေးရွာသူ ကျေးရွာသားများအနေဖြင့် ကျန်းမာရေးလိုအပ်ချက်များရှိခဲ့သည်။ ထို့ကြောင့် ကျေးရွာသူ ကျေးရွာသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည့် တိုက်နယ်ဆေးရုံဆောက်လုပ်ရန် မိမိပိုင်သည့် မြေဧက ၆ဒသမ ၆၁ဧကမှ လေးဧကကို ဆေးရုံမြေနေရာအဖြစ် လှူဒါန်းရခြင်းဖြစ်သည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**

ဘိုကလေးမြို့နယ် အခြေခံပညာအလယ်တန်းကျောင်းခွဲ (၈) ရပ်ကွက် ပညာရေးစုံညီပွဲတော်တွင် ကျောင်းအုပ်ကြီး ဦးမောင်မောင်မြင့် ဆုရရှိသူများအား ဆုချီးမြှင့်စဥ်။

ဓာတ်ပုံ ဌေးနိုင်(ဘိုကလေး)

မူးယစ်ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည်ထူထောင်ခြင်း လားရှိုးတွင်သင်တန်းဆင်း

လားရှိုး ဖေဖော်ဝါရီ ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ လူမှုဝန်ထမ်းဦးစီးဌာန ပြန်လည်ထူထောင်ရေး စခန်းနှင့် ကျန်းမာရေးဦးစီးဌာနမူးယစ်ဆေးစွဲ ရောဂါကုဆေးရုံတို့ပူးပေါင်း၍ ဒေသခံလုပ်ငန်း ရှင်များ ပံ့ပိုးကူညီမှုဖြင့် မူးယစ်ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ သင်တန်း (၄၄/၂၀၁၄)ဆင်းပွဲကို လားရှိုးမြို့ ပြန်လည်ထူထောင်ရေးစခန်းရုံး နမ့်ခိုက် သီပေါဂိတ် ဟောင်း သင်တန်းခန်းမ၌ ဖေဖော်ဝါရီ ၁၀ ရက် နံနက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် လားရှိုးခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်က သင်တန်းဆင်း အမှာစကား ပြောကြားပြီး တွဲဖက်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသုတ၊ တွဲဖက်ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဒေါ်မြင့်မြင့်စိန်တို့က ဆေးဖြတ်လူနာများ လိုက်နာရမည့်အချက်အလက်များနှင့် နောင်တစ်ချိန်တွင် မိမိတို့မှ တခြားသူများသို့ ပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြိုးစားရေးတို့အတွက် ရှင်းလင်းဆွေးနွေးခဲ့သည်။

ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ သင်တန်းမှာ ၃၅ရက် ကြာမြင့်ပြီး သင်တန်းဆင်း လက်မှတ်များကို ပြန်လည်ထူထောင်ရေးစခန်းမန်နေဂျာက ပေးအပ်ခဲ့ကာသင်တန်းသို့ သင်တန်းသား ၂၂ ဦး တက်ရောက်ခဲ့သည်။

ဟန်ဌေး(ခရိုင်ပြန်/ဆက်)



ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေးပွဲကျင်းပမည်

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၄ ခုနှစ်၊ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၊ တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ပွဲ၊ နိုင်ငံတော် ကချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ၊ ဒေသဖွံ့ဖြိုးရေးအလှူငွေပေးအပ်ပွဲ တို့ကို ဖေဖော်ဝါရီလ ၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် (၃)လမ်းထိပ် စွမ်းအင်ဝန်ကြီးဌာနဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံပုဂ္ဂိုလ်များ၊ အသင်းသူ၊ အသင်းသားများ၏ သားသမီးများ (၂၀၁၂-၂၀၁၃) ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရရှိသူများ နိုင်ငံတော်မှ ချီးမြှင့်သည့် ဘွဲ့တံဆိပ်ချီးမြှင့်ခံရသူများသည် ဖေဖော်ဝါရီလ ၁၀ရက်ထက် နောက်မကျ စေဘဲ ဦးစိုးညွန့်(နာယက)ဖုန်း-၅၄၁၆၈၆၊ ဦးကျော်ခိုင်(ဥက္ကဋ္ဌ) ဖုန်း-၂၄၆၁၄၀၊ ၂၄၆၁၄၂၊ ဦးစန်း အောင်(အတွင်းရေးမှူး)ဖုန်း-၀၉-၄၄၈၀၄၃၄၁၉၊ ဦးမောင်မောင်မြင့်(ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၄၃၀၉၆၂၈၅၊ ဒေါ်ခင်သန်းလွင်(အမှုဆောင်)ဖုန်း-၃၉၈၂၀၀တို့ကို ဆက်သွယ်စာရင်း ပေးသွင်းနိုင်ပါသည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ကြပါရန် အကြောင်းကြားပါသည်။

အမှုဆောင်အဖွဲ့

ကျေးဇူး ဆပ်ပါမည်

ကျွန်မ ဒေါ်တင်စံပယ်ဖြူ၏ အကောက်ခွန်ဦးစီးဌာန သွင်းကုန်ကြေညာ လွှာမှတ်ပုံတင်စာရင်းအမှတ်(၇၆၉၄၄၇)စာရွက်မူရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။ ဆက်သွယ်ရန် ဒေါ်တင်စံပယ်ဖြူ ဖုန်း-၀၉-၄၅၀၀၄၇၂၃၄

ဖခင် အမည်မှန်

မမြဝင်း(MTNT-029358)၏ဖခင်အမည်မှန်မှာ ဦးအဒူရော်မန်(ခ)ဦးလှမြင့် (AKB-၁၈၈၇၁၈) ဖြစ်ပါသည်။

ခြံရောင်းမည်

သန်လျင်မြို့၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ပေ(၅၅×၉၅)။

ဖုန်း-၀၉-၂၅၀၁၈၇၃၃၈
၃၁၀၄၉၂၄၈

ရောင်းမည်

Toyota Crown Royal Sloon
2004-3.0
Par White
အမည်ပေါက်
နောက်ဆုံးနံပါတ်

ဖုန်း-၀၉-၄၂၀၃၀၅၃၄၇
၀၉-၂၅၄၀၄၇၄၄၆
၀၉-၇၃၀၂၄၆၅၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့နယ်၊ (၁၂)ရပ်ကွက်၊ ၁၂/၁၀၇၇၊ အောင်သိဒ္ဓိလမ်း၊ အကျယ်ပေ(၄၀×၆၀)ရှိတစ်ထပ်တိုက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက်ပိုင်ရှင် ဦးကျော်ဇေယျ[၁၂/အစန(နိုင်)၀၀၆၈၅၈]မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ် ဒေါ်ဝေဝေလွင်[၁၁/မအန(နိုင်) ၀၀၀၂၆၀]ကဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်း မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဒေါ်ဝေဝေလွင်[၁၁/မအန(နိုင်)၀၀၀၂၆၀]
တိုက်အမှတ်-၂၆၊ (၄)လွှာ(B)၊ မြို့သစ်(၁)လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၂၃၁၆

အသသမအကြိမ် ယဉ်ကျေးမှုကျောင်းဆရာ ချမ်းမြေ့ သင်တန်း

ချမ်းမြေ့မြို့နယ်နိုင်ငံ သာသနာရေးကျောင်း

ဓလောကချမ်းသာ အဘယ လာဘမုနိ ရှုပ်ပွားတော်မြတ်ကြီး

(ကျောက်တော်ကြီးဘုရား)

(၁၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်

(ဂေါပကအဖွဲ့)

မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း

(၁၉)ကြိမ်မြောက် အသင်းသားစုံညီနှစ်ပတ်လည် အစည်းအဝေးဖိတ်ကြားလွှာ

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၏ (၁၉)ကြိမ်မြောက် အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသူ၊ အသင်းသားများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်-

